# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၆)ရက် ၊ ကြာသပတေးနေ့ ၊ (14-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။


၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၁၃ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဩဂုတ် ၁၃

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❑

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အား ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအပါအဝင် အခြေခံအဆောက်အအုံများ သောင်းနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အစိုးရစက်ရုံ၊ အလုပ်ရုံ၊ ရုံးအဆောက်အအုံ စသည့် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၄၇၇၉ ဘီလီယံကျော်ဖြစ်သည်။ လူနေအိမ်၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စိုက်ပျိုးသီးနှံများ အစရှိသည့် ပုဂ္ဂလိကကဏ္ဍဆုံးရှုံးမှုမှာ ငွေကျပ်ဘီလီယံ ၃၂၀၀ ကျော်ဖြစ်သည့်အတွက် စုစုပေါင်းဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ၇၉၇၉ ဘီလီယံကျော် အမေရိကန်ဒေါ်လာသန်း ၃၈၀၀ ခန့်ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံးဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁၄ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးကွဲများ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

"ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြစ်ချောင်းများတိမ်ကောမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင် ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုများ တိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုသည့်အတိုင်း သစ်တောဧရိယာများ၌ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း" နိုင်ငံတော်ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

သစ်ပင်သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါး စသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာရှိနိုင်သည်။

သစ်တောများသည် ဂေဟစနစ်များအားလုံးဗဟိုချက်အဖြစ် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်ဟုဆိုနိုင်ပေသည်။ ထို့ကြောင့်လည်း ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စေရေး၊ လူသားများနှင့်သက်ရှိများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းသာယာစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရန်လည်း လိုအပ်သည်။ နိုင်ငံ၏မြေထု၊ ရေထု၊ လေထုတို့ အရည်အသွေးကျဆင်းကာ ညစ်ညမ်းမှုမဖြစ်ပေါ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သည့် မဟာမုနိရုပ်ရှင်တော်ရှိ သာသနာ ၂၅၀၀ ဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ခြင်းပန္နက်တော်တင်မင်္ဂလာကျင်းပ



**မန္တလေး ဩဂုတ် ၁၃**

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီး ပြိုကျခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာမုနိရုပ်ရှင်တော်ပရဝဏ်ရှိ သာသနာ ၂၅၀၀ ဗိမာန်တော်ကြီးကို အသစ်ပြန်လည် တည်ဆောက်ခြင်းအတွက် ပန္နက်တော်တင်မင်္ဂလာကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါဗိမာန်တော်ကြီး တည်နေရာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသုဇနပီယ အမှူးပြုသော မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံတရုတ်ကုန်သည်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်ဒေသနာတော်မြတ်တို့ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်များနှင့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံတရုတ်ကုန်သည်များ အသင်းချုပ်မှ တာဝန်ရှိသူများက သာသနာ ၂၅၀၀ ဗိမာန်တော်အသစ်တည်ဆောက်ခြင်းအတွက် အလှူငွေကျပ် သိန်း ၁၅၀၀၀ ကို ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်း၍ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရထံ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာနှင့် ရေစက်ချ တရားနာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တော်တင်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရက် ၉၀ စပါး တင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ရက် ၉၀ စပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ရက် ၉၀ စပါးတွေကို ပြီးခဲ့တဲ့ဇူလိုင်လ ပထမပတ်ကနေ စတင်ပြီးဝယ်ယူအားတက်ခဲ့ပါတယ်။ ဒီဘက်က ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်နဲ့စပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ စပါးတွေအဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့စပါးတွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၉၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၉၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၈၅၁၀ စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၅၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကသာမြို့နယ်အတွင်း စပါးဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သမဝါယမကောလိပ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Year-End Student Activity Showcase အခမ်းအနားသို့တက်ရောက်






**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ် (မန္တလေး) ရန်ကင်းခန်းမ၌ သမဝါယမကောလိပ်(မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Year-End Student Activity Showcase အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်စာတမ်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုကို ဖော်ထုတ်ပြသသည့်အခမ်းအနားဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဝင်သည့်အချိန်တွင်စာတွေ့အသိများကိုထိရောက်မှန်ကန်စွာ အသုံးချသွားရန် အလွန်အရေးကြီးကြောင်း၊ စာတွေ့သင်ကြားခြင်းနှင့်အတူ လက်တွေ့လုပ်ငန်းများကို ဖန်တီးဆောင်ရွက်ပြီး ပေါင်းစပ်သင်ကြားပေးခြင်း၊ ပညာပေးလုပ်ငန်းများကို စာတွေ့လက်တွေ့ သင်ကြားပေးခြင်းများကို အလေးအနက်ထားကာ ဂရုတစိုက်ကြိုးစားသင်ယူသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးက အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များ၊ ကျောင်း၏ သမိုင်းကြောင်းများ၊ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်ဘာသာရပ်များကို သင်ကြားပို့ချပေးနေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်သင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် လုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းများတွင် စီးပွားရေးပညာရှင်များ၏ အခန်းကဏ္ဍအရေးပါပုံကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စာတမ်းဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ခြင်းကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုအကောင်းဆုံးဆုနှင့် အကျိုးအမြတ်အများဆုံးဆုကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက စာတမ်းဖတ်ကြားသည့် ကျောင်းသား၊ ကျောင်းသူခုနစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်း၊ သမဝါယမကောလိပ် (မန္တလေး)တွင် တက်ရောက်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများမှ လက်တွေ့စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများအပေါ် စာတွေ့အသိများနှင့် ချိတ်ဆက်နားလည်နိုင်မှုကို ပထမဆုံးအကြိမ် စာတမ်းတင်သွင်းဖတ်ကြားရာတွင် ပထမနှစ်မှ စာတမ်းနှစ်စောင်၊ ဒုတိယနှစ်မှ စာတမ်းငါးစောင် စုစုပေါင်း စာတမ်းခုနစ်စောင်ကို သက်ဆိုင်ရာစာတမ်းရှင် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးက တင်သွင်းဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ရွှေဘို ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ မုန်လာ စတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရေး နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်စေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုရားကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများဝယ်လိုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနု ပိဿာချိန်အများအပြား ဇူလိုင်လထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့ခဲ့ရခြင်းဖြစ်တယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၁၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေပြေလည်ပတ် လုပ်ကိုင်နေရပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများကိုလည်း အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မှန်နန်းမဟာရာဇဝင်တော်ကြီး

ဗိုလ်ရှိတ်(ရတနာပူရ)

> **❖မှန်နန်းမဟာရာဇဝင်တော်ကြီးကို "မှန်နန်းမဟာရာဇဝင်တော်ကြီး"ဟူသောအမည်ဖြင့် သုံးအုပ်ခွဲကာ ညောင်ရမ်းခေတ်ကုန်ဆုံးချိန်ထိ ရိုက်နှိပ်ဖော်ပြခဲ့သဖြင့် အချို့က မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ညောင်ရမ်းခေတ်ထိသာ ရေးသားခဲ့သည်ဟု ထင်နေကြသည်။ ကုန်းဘောင်မင်းဆက်များကို ရေးခဲ့ခြင်းမရှိဟု ထင်နေကြသည်။ အမှန်က ထိုသို့မဟုတ်ပါ။ မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ကုန်းဘောင်ခေတ် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ထိ ရေးသားခဲ့ခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး၊ နောင်တော်ကြီး ဒီပဲယင်းမင်း၊ ဆင်ဖြူရှင်မြေဒူးမင်း၊ စဥ့်ကူးမင်း၊ ဘိုးတော် ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်ချိန်ထိပါရှိသည်။ ❖**

**ယခင်တစ်ပတ်မှအဆက်**

**တကောင်းမင်းဆက်**

မှန်နန်းမဟာရာဇဝင်တော်ကြီး၏ ကျောရိုးသည် ဦးကုလား၏ မဟာရာဇဝင်ကြီးဟု ဆိုရပါမည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင်ပါရှိသည့် ကမ္ဘာတည်ဦးအခါမှ ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်ထိ အရေးအသားများသည် ဦးကုလား၏ မဟာရာဇဝင်ကြီးအတိုင်းပင်ဖြစ်သည်။ လိုအပ်ချက်အနည်းငယ်ကို ဖြည့်စွက်ပြင်ဆင်မှုပြုထားခြင်းသာ ကွာခြားသည်။ ဦးကုလားမဟာရာဇဝင်ကြီး၌ အကျဉ်းမျှသာပြဆိုခဲ့သော တကောင်းမင်းဆက်များအကြောင်းကို မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် အကျယ်ချဲ့၍ပြဆိုထားသည်။ အချို့က ဦးကုလား၏ မဟာရာဇဝင်ကြီးတွင် လုံးဝထည့်သွင်းရေးသားခြင်းမရှိသော တကောင်းမင်းဆက်အကြောင်းကို မှန်နန်းမဟာရာဇဝင်တော်ကြီးရေးမှ ထည့်သွင်းရေးသားသည်ဟုဆိုကြသည်။ ဦးကုလားသည် တကောင်းမင်းဆက်များကို လက်ခံခြင်းမရှိဟုပင် ရေးသားခဲ့ကြသည်။ ထိုသို့ ရေးသားကြသူများသည် ဦးကုလား၏ မဟာရာဇဝင်ကြီးကို သေသေချာချာမကြည့်ခြင်းကြောင့်သာဖြစ်သည်။ ဦးကုလား၏ မဟာရာဇဝင်ကြီးတွင် တကောင်းမင်းဆက်များရှိခဲ့သည့်အကြောင်းကို "တကောင်းပြည်ကြီးအကြောင်းကား ကကုသန် ဘုရားရှင်လက်ထက်တော်၌ "သံသယ"ဟု တွင်၏။ ကောဏဂုံဘုရားရှင်လက်ထက်တော်၌ "ရဋ္ဌ"ဟု တွင်၏။ ကဿပဘုရားလက်ထက်တော်၌ "သင်းတွဲ" ဟု တွင်၏။ ဂေါတမဘုရားရှင်လက်ထက်တော်တွင်မှ "တကောင်း"ဟုတွင်၏။ ထိုပြည်တွင် သတိုးတိုင်းရ၏လက်ထက် ရတနာမိုးလေးကြိမ်ရွာ၏။ သတိုးရွှေနန်းရှင်လက်ထက် ရတနာမိုး နှစ်ကြိမ်ရွာ၏။ သည်စကားကို စကားလျဉ်းသင့်၍ဆိုသည်"ဟု ဖော်ပြထားသည်။

အထက်ပါအချက်ကို ကြည့်ခြင်းအားဖြင့် ဦးကုလားသည် ခေတ်သုတေသီတချို့ဆိုသကဲ့သို့ တကောင်းမင်းဆက်များကို မယုံကြည်၍၊ လက်မခံ၍ ချန်ထားခြင်းမဟုတ်ဘဲ အကျဉ်းမျှဆိုလို၍သာဖြစ်ကြောင်း မှတ်သားရမည်ဖြစ်သည်။ ဦးကုလားကဲ့သို့ပင် ဦးထွန်းညို၏ မဟာရာဇဝင်သစ်တွင်လည်း အကျဉ်းမျှသာ ဆိုထားသည်။ ထိုကဲ့သို့ မဟာရာဇဝင်ကြီး၊ ရာဇဝင်သစ်နှစ်စောင်စလုံးတွင် အကျဉ်းမျှသာ ပြဆိုခဲ့သော တကောင်းမင်းဆက်များအကြောင်းကို မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် အကျယ်ချဲ့၍ တကောင်းမင်းဆက်များကို စုံအောင်ပြဆိုထားသည်။ ၂၀၀၈ ခုနှစ်တွင် စာသူကြီးစာအုပ်တိုက်မှ ထုတ်ဝေခဲ့သောပုံနှိပ်မူအရ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် တကောင်းမင်းဆက်များအကြောင်း စာမျက်နှာလေးမျက်နှာခန့်မျှ အကျယ်ချဲ့ရေးသားထားသည်။ ထိုသို့ တကောင်းမင်းဆက်များအကြောင်းကို မဟာရာဇဝင်ကြီး၊ မဟာရာဇဝင်သစ်တို့၌မရေးဘဲ မှန်နန်းမဟာရာဇဝင်တော်ကြီးမှ အကျယ်ချဲ့ခြင်းသည် ကုန်းဘောင်ခေတ်မှ ထိုးဇာတ်အဖြစ် ထည့်ခြင်းဖြစ်သည်ဟု ခေတ်သုတေသီတချို့က ဆိုခြင်းဖြစ်သည်။

ထိုအဆိုကို လက်မခံပါ။ တကောင်းမင်းများအကြောင်းကို မဟာရာဇဝင်ကြီးနှင့်မဟာရာဇဝင်သစ်တွင် အကျဉ်းမျှပြဆိုထား၏။ မှန်နန်းမဟာရာဇဝင်တော်ကြီးကလည်း တကောင်းမင်းဆက်များထည့်သွင်းရေးသားရခြင်းအကြောင်းကို "ရာဇဝင်ကြီး၊ ရာဇဝင်သစ်တို့၌ မဆိုမပြုကြွင်းကျန်လေသည်ကို မြန်မာ့ဦးစွန်းထွန်းစဖြစ်သော တကောင်းပြည်ကြီး၏ အခြေအမြစ်ကိုလည်းကောင်း၊ အာဒိစ္စဝံသသာကိယဖြစ်သော မြန်မာမင်းတို့၏ အနွယ်အလာကိုလည်းကောင်း၊ နောက်နောင်ထင်ရှားစိမ့်သောငှာ ဓမ္မပဒ၊ အဋ္ဌကထာစသော သာသနာကျမ်းတို့မှလည်းကောင်း၊ ဂေါတမပုရာဏ စသောလောကီကျမ်းတို့မှလည်းကောင်း၊ တကောင်းရွှေနန်းတည်သမိုင်း၊ ရခိုင်မဟာမုနိသမိုင်းတို့မှလည်းကောင်း၊ အရပ်ရပ်ရာဇဝင်၊ ရာဇပုံစာဟောင်းမှုဟောင်းတို့မှလည်းကောင်း၊ ယုတ္တိအာဂုံအလုံးစုံညှိနှိုင်း၍ ထုတ်နုတ်ပြဆိုသောစကားတည်း"ဟူ၍ ဖော်ပြထားသည်။

အထက်ပါကောက်နုတ်ချက်ကို ကြည့်ခြင်းအားဖြင့် မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် တကောင်းမင်းဆက်ကို ထည့်သွင်း၍ရေးသားခြင်းမှာ ထိုးဇာတ်တစ်ခုအနေဖြင့် ထည့်သွင်းခြင်းမဟုတ်ဘဲ ရေးစာဟောင်းရှိသည့်အတိုင်း ဖော်ပြခြင်းသာဖြစ်ကြောင်း ထင်ရှားလှသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီး မတိုင်မီက တကောင်းမင်းဆက်များကို ညောင်ရမ်းခေတ် နတ်ရှင်နောင်ဘွဲ့ခံ ဝန်ကြီးပဒေသရာဇာ ပြုစုရေးဖွဲ့ခဲ့သော "မင်းဆက်လင်္ကာ"တွင် တွေ့မြင်နိုင်သည်။ သို့ဖြစ်သောကြောင့် ဦးကုလား၏မဟာရာဇဝင်ကြီး၊ မဟာရာဇဝင်သစ်တို့တွင်မပါသော တကောင်းမင်းဆက်များအကြောင်းကို ကုန်းဘောင်ခေတ် မှန်နန်းမဟာရာဇဝင်တော်ကြီးရေးမှ "သာကီဝင်မင်းများနှင့် အမျိုးဆက်လို၍ ရေးသားသည်၊ ထိုးဇာတ်လုပ်သည်"ဟုဝေဖန်ခဲ့သော လူမျိုးခြား ဂျီ အိပ်၊ လုစ်နှင့် သူ့တပည့်တချို့၏ဝါဒကို လက်ခံနိုင်ဖွယ်ရာအကြောင်းမရှိပေ။ နောက်ပြီး မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည်က မြန်မာလူမျိုး၏ အစ တကောင်းကဟု ဆိုခြင်းမဟုတ်ဘဲ မြန်မာ့ဦးစွန်းထွန်းစ"ဟု သုံးနှုန်းရေးသားထားသဖြင့် မြို့ပြယဉ်ကျေးမှုအစ တကောင်းကဟု ဆိုလိုရင်းသာဖြစ်ကြောင်း သိရသည်။ "မြန်မာအစ တကောင်းက" ဟူသောစကားသည် မြန်မာလူမျိုးအစကို ဆိုခြင်းမဟုတ်ဘဲ မြန်မာမင်းဆက်နှင့် မြို့ပြတည်ထောင်မှုအစကိုသာ ရည်ရွယ်ရေးသားခြင်းဖြစ်သည်။ ထိုအကြောင်းကိုအကျယ်သိလိုပါက ဆရာကြီးဒေါက်တာထင်အောင်၏ "ပုဂံမပျက်မီက မြန်မာ့သမိုင်း"၊ ဒေါက်တာမျိုးသန့်တင်၏ "မြန်မာအစကို ပြဆိုသည့် ခလေ့"၊ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏ "ရာဇဝင်ကို ဆင်ခြင်ခြင်း"ဟူသောစာအုပ်တို့တွင် ဆက်၍ လေ့လာကြပါဟု တိုက်တွန်းလိုသည်။

**ဝေဖန်ချက်များ**

ဦးထွန်းညိုသည် မဟာရာဇဝင်သစ်ကို ရေးသားပြုစုသောအခါတွင် နဂိုရှိပြီး ဦးကုလား၏ မဟာရာဇဝင်ကြီးပါအချက်အလက်တချို့ကို မှားသည်ဟု ဝေဖန်ရေးသားခဲ့သည်။ ထိုကဲ့သို့ ဦးထွန်းညိုက မှားသည်ဟုဝေဖန်ခဲ့သော အချက်အလက်များကို မှန်နန်းမဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့က ဦးကုလား၏အဆိုအမိန့်သာမှန်ကြောင်း ပြန်လည်အတည်ပြုပေးခဲ့သည်များလည်းရှိသည်။

သာဓကအားဖြင့် ရမည်းသင်း မင်းစည်သူ၏ အဆက်အနွယ်နှင့်ပတ်သက်၍ ဦးကုလား၏အဆိုမှားပုံကို ဦးထွန်းညိုက ရာဇဝင်သစ်၌ "ရမည်းသင်းစည်သူကို ထူပါရုံဒါယကာမင်းတရားလက်ထက် ထိုးသည့်ကျောက်စာတို့၌ ဘဝရှင်ဖထွေးတော်ဟု ရေးသည်ကို မိုးညှင်းမင်းတရားညီတော် မြောက်ဘက်မြင်းမှူးနော်ရထာ၏သား နော်ရထာသမီးနှင့် သင့်သည်ဟု ရာဇဝင်ကြီးဆရာတို့ ဆိုမှားလေသည်" ဟု ပြင်ဆင်ခဲ့သည်။ ထိုသို့ ဦးထွန်းညို ပြင်ဆင်ခဲ့သည်ကို မှန်နန်းမဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့က ရာဇဝင်ကြီးမမှား၊ ရာဇဝင်သစ်သာမှားသည်ဟု အောက်ပါအတိုင်းပြင်ခဲ့သည်။

"ရာဇဝင်သစ်တွင် ရမည်းသင်းစည်သူကို ထူပါရုံဒါယကာမင်းတရားလက်ထက် ထိုးမှတ်သည့် ကျောက်စာတို့၌ ဘဝရှင်ဘထွေးတော်ဟု ရေးသည်ကို မိုးညှင်းမင်းတရားညီတော် မြောက်ဘက်မြင်းမှူး နော်ရထာ၏သား၊ နော်ရထာသမီးနှင့် သင့်သည်ဟု ရာဇဝင်ကြီးဆရာတို့ ဆိုမှားလေသည်ဟုဆိုသည်။ ရမည်းသင်းမင်းစည်သူသည် မိုးညှင်းမင်းတရားနှင့် ညီတော်စပ်သည်ဖြစ်၍ သားတော်ထူပါရုံဒါယကာမင်းတရားလက်ထက်ထိုးမှတ်သည့် ကျောက်စာတို့၌ ဘဝရှင်ဘထွေးတော်ဟုရေးသည်။ မိုးညှင်းမင်းတရားညီတော် မြောက်ဘက်မြင်းမှူးနော်ရထာ၏သားတော်၊ နော်ရထာသမီးနှင့် ရမည်းသင်းစည်သူ သင့်သည်ဖြစ်၍လည်း ရာဇဝင်ကြီး၌ မှားသည်ဆိုသောစကားသည် မမှား၊ အမှန်ဖြစ်သည်"ဟူ၍ဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင် ယိုးဒယားသို့စစ်ချီသည့် ဗိုလ်ပါအရေအတွက်ကို ရာဇဝင်ကြီး၌ဖော်ပြထားသည်မှာ မမှန်ကြောင်းကို ဦးထွန်းညိုရာဇဝင်သစ်၌ ဤသို့ဝေဖန်ခဲ့သည်။

"ရာဇဝင်ကြီးတို့၌ ယိုးဒယားသို့ ချီတော်မူသည့်ကာလ တပ်ပေါင်း ငါးဆယ်၊ ဗိုလ်ပါ ကိုးသိန်းဟူ၍၎င်း၊ တစ်သန်းဟူ၍၎င်း ရေးသားလေ၏။ သောင်းစည်ပြောကျယ်၊ တပ်လေးဆယ်နှင့်၊ ပင်လယ်ပတ်လည်၊ ဂျွမ်းတိုင်းပြည်သို့၊ မတည်ပုန်ကန်၊ ချီတုန်ပြန်သော်" ဟူ၍ မင်းရဲဒိဗ္ဗချောင်းတွင် စပ်ဆိုသည်နှင့်မညီ"ဟူ၍ ဝေဖန်ခဲ့သည်။

ထိုသို့ မဟာရာဇဝင်ကြီးကို မှားသည်ဟု ဝေဖန်ခဲ့သော ဦးထွန်းညို၏ဝေဖန်ချက်ကို မှန်နန်းမဟာရာဇဝင်တော်ကြီးက မဟာရာဇဝင်ကြီးအဆိုသည် မမှား၊ ဦးထွန်းညိုသည် အရေးအသားပျက်သည့်စာကိုကြည့်မိ၍သာဖြစ်သည်ဟု အောက်ပါအတိုင်း ပြန်လည်ဝေဖန်ကာ ဦးကုလားသာ အမှန်ဖြစ်ကြောင်း အတည်ပြုပေးခဲ့သည်။

"သောင်းစီပြောကျယ်၊ တပ်လေးဆယ်နှင့်၊ ပင်လယ်ပတ်လည်၊ ဂျွမ်းတို့ပြည်ကို၊ မတည်ပုန်ကန်၊ ချီတုန်ပြန်သော်"ဟူ၍ မင်းရဲဒိဗ္ဗချောင်းတွင်စပ်ဆိုသည်နှင့်မညီဟု တွင်းသင်းဝန်စီရင်သည့် ရာဇဝင်သစ်တွင် ဆိုလေသည်မှာ အရေးအသားပျက်သည့်စာကိုကြည့်ရှုမိ၍သာ ဆိုလေသည်။ ရာဇဝင်ကြီးမှုဟောင်းစာမွန်များ၌ ဗိုလ်ပါငါးသိန်းလေးသောင်းခြောက်ထောင်ဟု အညီအညွတ်ရှိသည်။ တပ်မတော်နှင့်တကွတပ်ပေါင်း ငါးဆယ်တွင်ပါသည်ဆိုသော ဆင်မြင်းသူရဲတို့ကို ထုတ်နုတ်ရေတွက်လျှင်လည်း ငါးသိန်းလေးသောင်း ခြောက်ထောင်ပင် ထွက်ရှိသည်။ ယိုးဒယားနိုင်မော်ကွန်းတွင်လည်း ရာဇဝင်ကြီးနှင့်အညီပင် ဆိုသည်။ မင်းရဲဒိဗ္ဗချောင်းတွင် သားတော်မဟာဥပရာဇာ၊ ညီတော်ပြည်ဘုရင်၊ တောင်ငူဘုရင်၊ သမက်တော်အဝဘုရင်တို့အုပ်ချုပ်သည့် သောင်းတပ်လေးဆယ်ကိုသာလုပ်၍ "သောင်းစီပြောကျယ်၊ တပ်လေးဆယ်နှင့်"ဟုစပ်ဆိုသည်ကို တပ်မတော်နှင့်တကွ တပ်ပေါင်းငါးဆယ်တွင်ပါသော သူရဲကိုဆိုသည်ဟုယူချေလျှင် သောင်းတပ်လေးဆယ်သည် ဗိုလ်ပါလေးသိန်းမျှရသည်ဖြစ်၍ ရာဇဝင်ကြီးနှင့်သာ မညီသည်မဟုတ်၊ ရာဇဝင်သစ်တို့နှိုက် တပ်မတော်နှင့်တကွ တပ်ပေါင်းငါးဆယ်တွင် သူရဲငါးသိန်းလေးသောင်းပါသည်ဆိုသောစကားနှင့်လည်း မညီလေ" ဟူ၍ဖြစ်သည်။

မှန်နန်းမဟာရာဇဝင်တော်ကြီးမှ ဝေဖန်ချက်များကို ဤမျှသာထုတ်နုတ်ပြလိုသည်။ ဆက်၍လေ့လာလိုပါက မှန်နန်းမဟာရာဇဝင်တော်ကြီးကိုသာ ကြည့်ကြရန်ဖြစ်သည်။ မဟာရာဇဝင်သစ်ရေးသောအခါ ဦးကုလား၏မဟာရာဇဝင်ကြီးသည် အဝေဖန်၊ ပုတ်ခတ်ခံခဲ့ရသော်လည်း မှန်နန်းမဟာရာဇဝင်တော်ကြီးရေးသားပြုစုသောအခါတွင် ဦးထွန်းညို၏ မဟာရာဇဝင်သစ်သည် အပယ်ခံရာဇဝင်တစ်စောင်အဖြစ်သို့ ရောက်ရှိခဲ့ရပေသည်။

**ပုံနှိပ်မှု**

မှန်နန်းမဟာရာဇဝင်တော်ကြီးသည် သီပေါမင်းလက်ထက်ကတည်းကပင် ပေမူမှ ပုံနှိပ်မူသို့ရောက်ရှိခဲ့သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးပထမအုပ်ကို ၁၂၄၅ ခု သီတင်းကျွတ်လတွင် ရတနာပုံနေပြည်တော်နန်းမြို့တော်ကြီးအတွင်း ရွှေလွှတ်တော်ရှေ့ စာပုံနှိပ်စက်ရုံတော်တွင် ပုံနှိပ်ခဲ့သည်။ ပထမအုပ်တွင် ပေမူပါ အတွဲအရေအတွက်အရ သတ္တမတွဲထိပါသည်။ ထို့နောက် စုဒ္ဒသမတွဲ(အတွဲ ၁၄)ကို ဒုတိယအုပ်ပြုလုပ်၍ ၁၂၄၆ ခုနှစ် ကဆုန်လတွင် ပုံနှိပ်ခဲ့သည်။ သီပေါမင်းလက်ထက်တွင် ထိုနှစ်အုပ်သာ ပုံနှိပ်ပြီးခဲ့သည်။

သီပေါမင်းလက်ထက်ပုံနှိပ်ခဲ့သော ထိုနှစ်အုပ်ကို ၁၂၈၆ ခုနှစ်တွင် မန္တလေးမြို့ အာဠဝီလမ်း အထက်မြန်မာနိုင်ငံ သတင်းစာပုံနှိပ်တိုက်က ထပ်မံပုံနှိပ်ခဲ့သည်။ ထိုနှစ်အုပ်နောက်ပိုင်းတွင် မှန်နန်းမဟာရာဇဝင်တော်ကြီး တတိယအုပ်အဖြစ် ၁၂၇၀ ပြည့်နှစ် (၁၉၀၉ ခုနှစ် ဧပြီလ)တွင် မန္တလေးတိုင်းသတင်းစာပုံနှိပ်တိုက်က ပုံနှိပ်ခဲ့သည်။ တတိယစာအုပ်တွင် ညောင်ရမ်းခေတ်ဟံသာဝတီပါမင်း နန်းကျသည်ထိ ပါလေသည်။ ထိုသုံးအုပ်ကို နောက်ပိုင်းကာလတွင် ပုံနှိပ်တိုက်အမျိုးမျိုးက ထပ်ကာထပ်ကာ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်။ ယခုအခါတွင် သုံးအုပ်ခွဲခြားခြင်းမပြုတော့ဘဲ သုံးအုပ်ပေါင်းကို တစ်အုပ်တည်းပြုလုပ်ကာ ပုံနှိပ်လာကြသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၀၈၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၀၈၈၃ ဧကထိ စိုက်ပျိုးပြီးဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၉၀၈၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် စပါးဧက ၂၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ စပါး ၁၉၀၈၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးဖို့အတွက် စပါးမစိုက်ပျိုးမီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင်တောင်သူတွေ စိုက်ပျိုးတဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့တယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်း လုပ်ဆောင်ပေးခဲ့တယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီရေးအတွက်ကိုလဲ ဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် စပါးများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန စသည့် ဌာနအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက် စိုက်ပျိုးနေကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် စပါးလျာထား ၂၁၃၂၁၆ ဧက စိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➢ **စာမျက်နှာ ၄ မှအဆက်**

မှန်နန်းမဟာရာဇဝင်တော်ကြီးကို "မှန်နန်းမဟာရာဇဝင်တော်ကြီး" ဟူသောအမည်ဖြင့် သုံးအုပ်ခွဲကာ ညောင်ရမ်းခေတ်ကုန်ဆုံးချိန်ထိ ရိုက်နှိပ်ဖော်ပြခဲ့သဖြင့် အချို့က မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ညောင်ရမ်းခေတ်ထိသာ ရေးသားခဲ့သည်ဟု ထင်နေကြသည်။ ကုန်းဘောင်မင်းဆက်များကို ရေးခဲ့ခြင်းမရှိဟုထင်နေကြသည်။ အမှန်က ထိုသို့မဟုတ်ပါ။ မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ကုန်းဘောင်ခေတ် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ထိ ရေးသားခဲ့ခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး၊ နောင်တော်ကြီး ဒီပဲယင်းမင်း၊ ဆင်ဖြူရှင်မြေဒူးမင်း၊ စဉ့်ကူးမင်း၊ ဘိုးတော်ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်ချိန်ထိပါရှိသည်။ တိတိကျကျဆိုရလျှင် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ၁၁၈၃ ခုနှစ် နတ်တော်လဆန်း ၉ ရက်၊ သောကြာနေ့(၁၈၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် မဏိပူရဒေသသို့ မှူးမတ်များကို စေလွှတ်သည်ထိ ပါရှိသည်။

ထိုကဲ့သို့ ကျန်ရှိနေသောမှန်နန်းမဟာရာဇဝင်တော်ကြီးမှ ကုန်းဘောင်မင်းဆက်များအပိုင်းသည် ဘယ်ရောက်သွားသနည်း။ ထိုအတွက် အဖြေက ယခု ဦးမောင်မောင်တင်(K.S.M.A.T.M)ပြုစုသည့် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအတွင်းသို့ ရောက်ရှိသွားပါသည်။ ထို့ကြောင့် မှန်နန်းမဟာရာဇဝင်တော်ကြီး၏ ကုန်းဘောင်မင်းဆက်များအပိုင်းသည် ပျောက်သွားသကဲ့သို့ ထင်နေကြခြင်းဖြစ်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ရာပြည့်စာအုပ်တိုက်က သုံးအုပ်ခွဲ၍ ထုတ်ဝေထားသည်။ ရာပြည့်စာအုပ်တိုက်မူအရ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး သုံးတွဲတွင်ပါရှိသည့် ပထမတွဲမှစ၍ ဒုတိယတွဲ စာမျက်နှာ ၂၂၄ ထိသည် မှန်နန်းမဟာရာဇဝင်တော်ကြီးပင်ဖြစ်ပေသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီး၏ ကုန်းဘောင်မင်းဆက်များအပိုင်းကို ဦးမောင်မောင်တင်(K.S.M.A.T.M)က သူစုစည်းပြုစုခဲ့သည့် ကုန်းဘောင်မင်းဆက်မဟာရာဇဝင်တော်ကြီးအတွင်း ထည့်သွင်းအသုံးပြုခဲ့ခြင်းကြောင့် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအတွင်းသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ပုံနှိပ်တိုက်များအနေဖြင့် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအတွင်းသို့ ရောက်ရှိသွားသည့် မှန်နန်းမဟာရာဇဝင်တော်ကြီးကို စတုတ္ထအုပ်အနေဖြင့်သာ သီးခြားပြန်လည်ပုံနှိပ်သင့်ပါသည်။ သို့မှသာ မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ထိ ရေးသားခဲ့ကြောင်း ရှင်းလင်းစွာသိလာမည်ဖြစ်ပေသည်။

## ဘဝလမ်းကောင်းဖို့ပြင်

- ကန်ရေပြင်ထက် ခဏတက်သည့်
ရေပွက်ပမာ ဘဝတာကို
မာနတရား မထောင်လွှားဘဲ
မှန်မှားဆင်ခြင် သတိဝင်လျက်
အစဉ်ချမ်းမြ နေခွင့်လှဖို့
လုံ့လစိတ်တင်း မေတ္တာနှင်းမည်
ပြစ်ကင်းဖို့ရယ် အသိကြွယ်ရင်း
ငြိတွယ်ကျင့်ကောင်း သီလပေါင်းကာ
ကြောင်းကျိုးဖန်ဖန် လောကခံကို
ကြံ့ဆဖြတ်သန်း လျှောက်လှမ်းမည်။

- သုခဒုက္ခ ကြုံသမျှလည်း
မုချမမြဲ သင်္ခါပဲမို့
အစွဲမထား လွဲမမှားဘဲ
ခွဲခြားဆုံးဖြတ် စဉ်သုံးသပ်လျက်
လူ့ဇာတ်ရုပ်နမ် ကြောင်းကျိုးဖန်ရာ
သံသရာတွင်း ဉာဏ်လွှာလင်းသော်
လွတ်ကင်းရုန်းထွက် ဝဲဂယက်မှ
တက်လမ်းထွက်မြောက် နိဗ္ဗာန်ရောက်သို့
တည်ဆောက်သေချာ ပီပြင်ပါရဲ့
မှန်စွာဖြတ်သန်း လျှောက်လှမ်းမည်။

- ဩော်...
လူ့ပြည်လူ့ရွာ ရောက်ရှိခါ၌
ပညာဉာဏ်ထုံး အစဉ်သုံး၍
အရှုံးဝေးလို အောင်ပွဲကြိုလျက်
ညွှန်းဆိုဖွင့်ဟ မြတ်ဗုဒ္ဓ၏
ဓမ္မတရား ဒေသနာများဖြင့်
အမှားကိုပယ် ကောင်းကျိုးသွယ်ရင်း
မာန်စွယ်မရှိ ကြံ့ရွယ်ကြည့်တိုင်း
အသိစိတ်သန် သတိမှန်နှင့်
ကံ ကံအကျိုး သီလပျိုးကာ
ကြိုးကုတ်ဝီပတ် ဘဝဇာတ်မှ
မြင့်မြတ်ရာလမ်း လျှောက်လှမ်းမည်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## လာမည့်စက်တင်ဘာလအတွင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဖွယ်ရှိ



ဒေလီ ဩဂုတ် ၁၃

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် လာမည့်လအတွင်း အမေရိကန်နိုင်ငံသို့သွားရောက်စဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံဆွေးနွေးနိုင်ဖွယ်ရှိကြောင်း အိန္ဒိယပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရေးအတွက် လာမည့်စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ သွားရောက်ရန် စီစဉ်ထားသည်။

ယင်းခရီးစဉ်အတွင်းဝန်ကြီးချုပ် မိုဒီအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဖွယ်ရှိကြောင်း အိန္ဒိယပြည်တွင်းမီဒီယာများ၏အဆိုအရ သိရသည်။

အိန္ဒိယမီဒီယာများ၏ အဆိုပါသတင်းနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ရုရှားရေနံများ ဝယ်ယူနေမှုအတွက် အပြစ်ပေးသည့်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိန္ဒိယထုတ်ကုန်များအပေါ် ၅၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ထားမှုကြောင့် အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ မကျေမလည်ဖြစ်လျက်ရှိသည်။

ကုလသမဂ္ဂအထွေထွေညီလာခံကို စက်တင်ဘာ ၉ ရက်တွင် စတင်မည်ဖြစ်ပြီး နိုင်ငံအကြီးအကဲများနှင့်အစိုးရအကြီးအကဲများ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယားသမ္မတ လီဂျေးမြောင် ဂျပန်နိုင်ငံသို့ သွားရောက်မည်





ဆိုးလ် ဩဂုတ် ၁၃

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်သည် လာမည့် ဩဂုတ် ၂၃ ရက်မှ ၂၄ ရက်ထိ ဂျပန်နိုင်ငံသို့သွားရောက်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း သမ္မတလီဂျေးမြောင်အနေဖြင့် ဂျပန်ဝန်ကြီးချုပ်အီရှီဘာနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ဂျပန်ခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်အီရှီဘာတို့သည် ဒေသတွင်းငြိမ်းချမ်းမှုနှင့်တည်ငြိမ်ရေး၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှစ်ရက်ကြာ ဂျပန်ခရီးစဉ်အတွင်း မည်သည့်နေ့ရက်တွင် သမ္မတလီဂျေးမြောင်နှင့် ဝန်ကြီးချုပ်အီရှီဘာတို့၏ ဆွေးနွေးပွဲကျင်းပမည်ကို မသိရသေးကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဩဂုတ် ၂၅ ရက်တွင် မတွေ့ဆုံမီ ဂျပန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့သည် ယခုနှစ် ဇွန်လအတွင်း ကနေဒါနိုင်ငံ၌ ကျင်းပခဲ့သော ဂျီ-၇ ထိပ်သီးညီလာခံကာလအတွင်းတွင် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေး ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်၌ လေတပ်၏တိုက်ခိုက်မှုကြောင့် လက်နက်ကိုင် ဦးရေ ၆၀၀ နီးပါးသေဆုံး



အဘူဂျာ ဩဂုတ် ၁၃

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်၌ ပြီးခဲ့သည့် ရှစ်လတာကာလအတွင်း လက်နက်ကိုင် ၅၉၂ ဦးကို ရှင်းလင်းချေမှုန်း နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားလေတပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နိုင်ဂျီးရီးယား လေတပ်သည် အကြမ်းဖက်မှုများနှင့် နှစ်ပေါင်းများစွာရင်ဆိုင်ခဲ့ရသော ဘော်နိုပြည်နယ်၌ ပြီးခဲ့သည့်လများအတွင်း လေကြောင်းတိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် ရှစ်လတာကာလအတွင်းပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများတွင် လေတပ်အနေဖြင့် လက်နက်ကိုင်အုပ်စုများ၏မော်တော်ယာဉ်အစီး ၂၀၀ကျော်နှင့် ထောက်ပို့စခန်း ၁၆၆ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားလေတပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ်အုပ်စုအပါအဝင် စစ်သွေးကြွအုပ်စုများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

ဘော်နိုပြည်နယ်တစ်ခုတည်းမှာပင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ၂၀၂၃ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ အနည်းဆုံး လူ ၂၀၀၀ သေဆုံးခဲ့ရသည်။

နိုင်ဂျီးရီးယား လေတပ်သည် ပြီးခဲ့သည့် ရှစ်လတာကာလအတွင်း အရှေ့မြောက်ဒေသ၌ တိုက်ပွဲဝင်ပျံသန်းမှုပေါင်း ၇၉၈ကြိမ်ထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယားသမ္မတကတော်ဟောင်းကို တရားရုံးဖမ်းဝရမ်းအရ တာဝန်ရှိသူများဖမ်းဆီး

ဆိုးလ် ဩဂုတ် ၁၃

တောင်ကိုရီးယားသမ္မတဟောင်း ယွန်ဆွတ်ယိုး၏ဇနီး ကင်အွန်ဟီးကို တရားရုံးဖမ်းဝရမ်းအရ တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

သမ္မတကတော်ဟောင်းကင်အွန်ဟီးအတွက် ဖမ်းဝရမ်းထုတ်ပေးရန် အစိုးရအထူးရှေ့နေများ၏ မေတ္တာရပ်ခံချက်ကို ဆိုးလ်အလယ်ပိုင်း ခရိုင်တရားရုံးက လက်ခံခဲ့ပြီးနောက် ကင်အွန်ဟီးကို တာဝန်ရှိသူများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

တရားရုံးဖမ်းဝရမ်းပေါ်ထွက်လာခဲ့ပြီးနောက် တောင်ကိုရီးယားတာဝန်ရှိသူများသည် သမ္မတကတော်ဟောင်း ကင်အွန်ဟီးကို ဆိုးလ်မြို့ နမ်ဘူအကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သမ္မတကတော်ဟောင်း ကင်အွန်ဟီးသည် ခင်ပွန်းဖြစ်သူနှင့်အတူ ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရသည့် တစ်ဦးတည်းသော သမ္မတကတော်ဟောင်းဖြစ်သည်။

ကင်အွန်ဟီး၏ ခင်ပွန်းသမ္မတဟောင်း ယွန်ဆွတ်ယိုးမှာလည်း စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာမှုဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးခံထားရသည်။

တောင်ကိုရီးယား သမ္မတကတော်ဟောင်းကင်အွန်ဟီးသည် စတော့ရှယ်ယာ ဈေးကွက်ကို ကြားဝင်စွက်ဖက်မှု၊ လာဘ်ပေးလာဘ်ယူမှုစွဲချက်များဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်တရုတ်ပင်လယ် စကားဘိုရိုနယ်မြေအတွင်း အမေရိကန်ရေတပ်သင်္ဘောဝင်ရောက်မှု တရုတ်ဝေဖန်

ပေကျင်း ဩဂုတ် ၁၃

တောင်တရုတ်ပင်လယ်ဒေသ စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေအနီး ခုတ်မောင်းနေသည့် အမေရိကန်ရေတပ် ဖျက်သင်္ဘောတစ်စီးကို စောင့်ကြည့်၍ နှင်ထုတ်ခဲ့ကြောင်း တရုတ်တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ယူအက်စ်အက်စ် ဟစ်ဂင်အမည်ရှိ အမေရိကန်ဖျက်သင်္ဘောအနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ စကားဘိုရိုရေမြုပ်သဲသောင် နယ်မြေအနီး ခုတ်မောင်းခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်ရေတပ်က တုံ့ပြန်ထားသည်။

ယူအက်စ်အက်စ် ဟစ်ဂင်ဖျက်သင်္ဘောအနေဖြင့် တရုတ်အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ စကားဘိုရိုနယ်မြေအတွင်း ဝင်ရောက်ခဲ့ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)၏ တောင်ပိုင်းဒေသစစ်ဌာနချုပ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် အမေရိကန်ရေတပ်၏လုပ်ရပ်သည် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် လုံခြုံရေးကို ချိုးဖောက်ရာရောက်ကြောင်း တရုတ်တပ်မတော်က ဝေဖန်ထားသည်။

စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေသည် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ်ရေပြင် ဒေသဖြစ်ပြီး လက်ရှိတွင် တရုတ်နိုင်ငံက ထိန်းချုပ်ထားသည်။

ယူအက်စ်အက်စ်ဟစ်ဂင်သည် ခြောက်နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စကားဘိုရိုနယ်မြေအနီး ဝင်ရောက်ခဲ့သည့် ပထမဆုံး အမေရိကန်ရေတပ်သင်္ဘော ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာအင်ဂျင်နီယာများက နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၌ နေကာပြားနှစ်ချပ်ကို အောင်မြင်စွာ တပ်ဆင်ပေးခဲ့



**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အင်ဂျင်နီယာများသည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်၌ နေကာပြားနှစ်ချပ်ကို အောင်မြင်စွာ တပ်ဆင်ပေးခဲ့ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ နေကာပြားနှစ်ချပ်သည် နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးစနစ်များကို နေ၏ အပူဒဏ်နှင့် အလင်းရောင်ပြန်ဒဏ်တို့မှ ကာကွယ်ပေးမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်အစိုးရက ၂၀၂၆ ခုနှစ်အတွက် နာဆာ၏အသုံးစရိတ်များ လျှော့ချထားချိန်တွင် နာဆာအင်ဂျင်နီယာများက နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်၏ နေကာပြားနှစ်ချပ်ကို အောင်မြင်စွာတပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအသုံးစရိတ်ကို အမေရိကန်အစိုးရက လျှော့ချထားမှုကြောင့် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ် မစ်ရှင်ကဲ့သို့သော အကြီးစား အာကာသမစ်ရှင်များ လွှတ်တင်ရေးအစီအစဉ်ဆိုင်းငံ့ရခြင်း၊ အစီအစဉ်ဖျက်သိမ်းရခြင်းများ ရှိလာနိုင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ် မေလတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ရှေးဟောင်းကြယ်စုကြီးများနှင့် အခြားအာကာသနယ်မြေများကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## 31/ATLAS ကြယ်တံခွန်က နေအဖွဲ့အစည်းအတွင်းဝင်ရောက်ခဲ့ဖူးသမျှ အာကာသဒြပ်ထည်များအနက် အမြန်နှုန်းအမြင့်မားဆုံးဖြစ်

**ဝါရှင်တန် ဩဂုတ် ၁၃**

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာခဲ့ဖူးသမျှ အာကာသဒြပ်ထည်များအနက် အမြန်နှုန်းအမြင့်မားဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဩဂုတ် ၁၂ ရက်တွင် ပြောကြားသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက်အာကာသဒြပ်ထည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် အိုမူအာမူအာအမည်ရှိ ဂြိုဟ်သိမ်နှင့် ၂၀၁၉ ခုနှစ်တွင် 21/Borisov အမည်ရှိ ကြယ်တံခွန်တို့ ဝင်ရောက်ခဲ့ဖူးကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် အထက်ပါ အာကာသဒြပ်ထည်များအနက် 31/ATLAS ကြယ်တံခွန်မှာ ပျံသန်းမှုမြန်နှုန်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် 31/ATLAS ကြယ်တံခွန်၏ အမြန်နှုန်းသည် ဟေလီကြယ်တံခွန်အပါအဝင် နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်တချို့ထက်ပင် မြင့်မားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ဟေလီကြယ်တံခွန်သည် နေနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိချိန်တွင် တစ်စက္ကန့်လျှင် ၃၃ မိုင်နှုန်းထိ အမြန်နှုန်းမြင့်မားလာကြောင်း၊ သို့ရာတွင် 31/ATLAS ကြယ်တံခွန်မှာ နေနှင့် ကီလိုမီတာ သန်းပေါင်းများစွာ ကွာဝေးနေဆဲဖြစ်သော်လည်း ဟေလီကြယ်တံခွန်၏ အမြန်နှုန်းဖြင့် ပျံသန်းနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## Skyrora အာကာသနည်းပညာကုမ္ပဏီက ဗြိတိန်မြေပေါ်မှတစ်ဆင့် ဒုံးပျံလွှတ်တင်ခွင့်ရထားသော ပထမဆုံး ဗြိတိသျှအာကာသနည်းပညာကုမ္ပဏီဖြစ်လာ

**လန်ဒန် ဩဂုတ် ၁၃**

Skyrora အာကာသနည်းပညာကုမ္ပဏီသည် ဗြိတိန်မြေပေါ်မှတစ်ဆင့် ဒုံးပျံလွှတ်တင်ခွင့်ရထားသော ပထမဆုံးဗြိတိသျှအာကာသနည်းပညာကုမ္ပဏီဖြစ်လာကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

ဗြိတိန်အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့သည် Skyrora အာကာသနည်းပညာ ကုမ္ပဏီကို တစ်နှစ်လျှင် အာကာသမစ်ရှင်ပေါင်း ၁၆ ကြိမ်ထိ လွှတ်တင်ခွင့်ပြုထားကြောင်း သိရသည်။

ဗြိတိန်အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်အရ Skyrora အာကာသနည်းပညာကုမ္ပဏီသည် စကိုင်းလာ့ခ်အယ်လ် အမည်ရှိဒုံးပျံကို စကော့တလန်ရှိ ဆာရာဗော့ဒ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ဆာရာဗော့ဒ်အာကာသစခန်းသည် စကော့တလန်ကမ်းရိုးတန်းကမ်းလွန်ရှိ ရှီလန်းကျွန်းပေါ်၌ တည်ရှိပြီး Skyrora အာကာသနည်းပညာကုမ္ပဏီအနေဖြင့် ၎င်း၏ ပထမဆုံးစကိုင်းလာ့ခ်အယ်လ်ဒုံးပျံကို ယခုနှစ်ကုန်ပိုင်းတွင် ဆာရာဗော့ဒ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Skyrora အာကာသနည်းပညာကုမ္ပဏီသည် ဩစတြေးလျ၊ အိုမန်နှင့် အိုက်စလန်ကျွန်းနိုင်ငံတို့မှတစ်ဆင့်လည်း အာကာသမစ်ရှင်များလွှတ်တင်ရန် စဉ်းစားနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## နေအိမ်၌ လေသန့်စင်စနစ်အသုံးပြုခြင်းဖြင့် နှလုံးရောဂါတရက်ဖောက်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၁၃**

နေအိမ်၌ လေသန့်စင်စနစ်တပ်ဆင်အသုံးပြုခြင်းဖြင့် နှလုံးရောဂါတရက်ဖောက်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုသည် နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေမြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေပြီး ယာဉ်သွားယာဉ်လာများသောနေရာများ၌ နေထိုင်သူများမှာ နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေ အမြင့်မားဆုံးဖြစ်နေတတ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက လေ့လာဖော်ထုတ်ခဲ့ပြီးဖြစ်သည်။

မော်တော်ယာဉ်များမှ ထွက်ပေါ်လာသည့် ညစ်ညမ်းရုပ်မှုန်များ၊ တာယာများမှ အမှုန်များသည် အနီးရှိနေအိမ်များထဲသို့ ဝင်ရောက်လာတတ်သည်။

ရှူသွင်းမိပါက သွေးလည်ပတ်မှုစနစ်အတွင်း ဝင်ရောက်လာတတ်သော အဆိုပါရုပ်မှုန်များသည် သွေးဖိအား မြင့်တက်လာနိုင်မှု၊ ရောင်ရမ်းမှု၊ နှလုံးခုန်နှုန်းမမှန်မှု၊ သွေးကြောများအတွင်း အဆီခဲတတ်များစုစည်းမှုတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

သို့ရာတွင် အထက်ပါလေထုညစ်ညမ်းမှုပြဿနာကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်လာနိုင်ခြေကို နေအိမ်များ၌ လေသန့်စင်စနစ်များ အသုံးပြုခြင်းဖြင့် လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကားလမ်းများအနီး နေထိုင်သူများ၏ နေအိမ်များ၌ လေသန့်စင်စနစ်များ တပ်ဆင်၍ လေ့လာစောင့်ကြည့်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## လူသုံးအများဆုံး ဝိတ်ချထိုးဆေးနှစ်မျိုး သုံးစွဲနေသည့် ပုံစံ-၂ ဆီးချိုလူနာများ၌ မျက်စိရောဂါတစ်မျိုးဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဩဂုတ် ၁၃**

ကမ္ဘာပေါ်၌ လူသုံးအများဆုံး ကိုယ်အလေးချိန်လျှော့ချရေး(ဝိတ်ချခြင်း) ထိုးဆေးနှစ်မျိုးအသုံးပြုနေသည့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ မျက်စိရောဂါတစ်မျိုးဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Wegovy နှင့် MounTaro ကိုယ်အလေးချိန် လျှော့ချရေးထိုးဆေးများကြောင့် ပုံစံ-၂ ဆီးချိုရောဂါရှိသူများ၌ Diabetic retinopathy ခေါ် မျက်စိရောဂါတစ်မျိုးဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

Diabetic retinopathy မျက်စိရောဂါသည် မျက်စိနောက်ဘက် မြင်လွှာအတွင်းရှိသွေးကြောများပျက်စီးချိန်တွင် ဖြစ်ပွားတတ်ပြီး ကုသခြင်းမရှိပါက အမြင်အာရုံဆုံးရှုံးနိုင်သည့်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Wegovy နှင့် MounTaro ဆေးများသုံးစွဲနေသူ ပုံစံ-၂ ဆီးချိုလူနာများအနေဖြင့် Diabetic retinopathy ဖြစ်ပွားမှုကိုတားဆီးရေးအတွက် မျက်စိစစ်ဆေးမှု ပုံမှန်ပြုလုပ်သင့်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဗန်ဒိုက်၏နေရာတွင် အစားထိုးနိုင်မည့် ခံစစ်ကစားသမား လီယိုနီကို ခေါ်ယူရန် လီဗာပူးကြိုးပမ်း

**လန်ဒန် ဩဂုတ် ၁၃**

လီဗာပူးအသင်းသည် အသင်းမှ ခြေစွမ်းပြကစားသမား ဗန်ဒိုက်၏နေရာတွင် အစားထိုးနိုင်မည့် ပါးမားအသင်း လူငယ်ခံစစ်ကစားသမား လီယိုနီကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် လူငယ်ခံစစ်ကစားသမား လီယိုနီကို အင်တာမီလန်အသင်း၊ အေစီမီလန်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ပါးမားအသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဝန်းကျင်ရရှိပါက ကမ်းလှမ်းမှုကို လက်ခံမည်ဟု ပြောကြားခဲ့သဖြင့် လီဗာပူးအသင်းက အနာဂတ်စီမံကိန်းအတွက် လီယိုနီကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

လီယိုနီသည် ၂၀၂၄ ခုနှစ်က ဆမ့်ဒိုးရီးယားအသင်းမှ ပါးမားအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းအတွက်အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုးတစ်ဂိုး သွင်းယူ၍ ခြေစွမ်းပြ ကစားနိုင်ခဲ့သဖြင့် အင်တာမီလန်အသင်းနည်းပြ ချီဗူးက ၎င်းနှင့်လက်တွဲခဲ့သည့် လူငယ်ကစားသမားကို ပြန်လည်ခေါ်ယူရန်စီစဉ်နေကာ အေစီမီလန်အသင်းကလည်း မာလစ်သီယာကို နယူးကာဆယ်အသင်းသို့ ရောင်းချခဲ့ရသဖြင့် လီယိုနီကို အစားထိုးသွားရန် ကြိုးပမ်းနေသော်လည်း ကစားသမား၏ ပြောင်းရွှေ့ကြေးကြောင့် ကြန့်ကြာလျက်ရှိနေသည်။

သို့သော် လီဗာပူးအသင်းက ပါးမားအသင်းမှ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးကို ပေးချေရန်ဆုံးဖြတ်ထားပြီး အသက်အရွယ်ရလာသည့် ဗန်ဒိုက်နေရာတွင် အစားထိုးသွားမည်ဖြစ်သောကြောင့် လီယိုနီကို ခေါ်ယူရန် လက်ဦးမှုရရှိနိုင်ပြီး လက်ရှိတွင်လည်း ပဲလေ့စ်အသင်းက ခံစစ်ကစားသမား ဂူဟီကို ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ၂၀၂၃ ခုနှစ်က ဒူးဒဏ်ရာရရှိခဲ့သည့် ဒယ်လိုဖူးသည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဒဏ်ရာကြောင့် အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာပြီးနောက် ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ထားသော်လည်း ယခုအခါ ဒဏ်ရာ ပြန်လည်သက်သာလာသောကြောင့် အူဒီးနီးစ်အသင်းတွင် လေ့ကျင့်ခန်းပြုလုပ်နေပြီး အသင်းနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။
- ဩဂုတ် ၁၀ ရက်က ကစားခဲ့သည့် မော်ရိုကိုအသင်းနှင့် ကင်ညာအသင်းတို့ပွဲစဉ်တွင် ကင်ညာအသင်းအနေဖြင့် လုံခြုံရေးချိုးဖောက်မှုများကြောင့် တောင်အာဖရိကဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ရာသီကြိုခြေစမ်းပွဲစဉ်များတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့် အသက် ၁၇ နှစ်ရှိ ကွင်းလယ်ကစားသမားလန်းနက်ခါးလ်က ယခုရာသီတွင် အသင်းကြီးနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် Ezra အသင်းတို့ပွဲစဉ်တွင် Ezraအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိ




**ရန်ကုန် ဩဂုတ် ၁၃**

AFC Challenge League 2025–2026 (Preliminary stage) ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Ezra အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းခဲ့ရာတွင် Ezra အသင်းမှ ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ် ပထမပိုင်း ပွဲကစားချိန်အတွင်း နှစ်ဖက်စလုံး အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြသော်လည်း ခံစစ်နဲ့ဂိုးသမားတို့၏ စွမ်းဆောင်ရည်ကောင်းမွန်မှုများကြောင့် ဂိုးများမြင်တွေ့ခဲ့ရခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ လူစားလဲပြင်ဆင်မှုများနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဦးဆောင်ဂိုးရရှိရေးကြိုးပမ်းခဲ့ကာ Ezra အသင်း၏ နောက်တန်းကစားသမားများနှင့် ဂိုးသမားတို့ ရန်ကုန်ယူနိုက်တက် အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို အကောင်းဆုံး ခုခံခဲ့သည့်အတွက် ဂိုးမရှိသရေရလဒ် ဖြင့်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးခဲ့သည်။

ထို့နောက် အချိန်ပို ၁၅ မိနစ်နှစ်ပိုင်းဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကာ ပွဲချိန် ၉၆ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး လူစားဝင်ကစားသမား ကောင်းစည်သူမှသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် Ezra အသင်းမှ ပွဲချိန် ၁၀၉ မိနစ်တွင် အနန်တာဇာမှရေိယာအတွင်း ပိတ်သွင်းယူခဲ့ခြင်းဖြစ်ပြီး တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်သို့ ရောက်ရှိခဲ့ကာ ပင်နယ်တီအဆုံးအဖြတ်တွင် Ezra အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

## ၂၀၂၆ ခုနှစ်တွင် ကစားသမားလေးဦးထိ အလွတ်ပြောင်းရွှေ့ခွင့်နှင့်ခေါ်ယူရန် ရီးရဲလ်ပစ်မှတ်ထား

**မက်ဒရစ် ဩဂုတ် ၁၃**

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းမှ အာနိုးကို အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူခဲ့ပြီးနောက်လာမည့် ၂၀၂၆ ခုနှစ်တွင်လည်း ကစားသမားလေးဦးထိ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူရန်ပစ်မှတ်ထားနေသည်။

ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ခြေစွမ်းပြကစားသမားများကို စာချုပ်မကုန်ဆုံးမီ ခေါ်ယူပါက ကစားသမားများကိုခေါ်ယူရာတွင် အပိုဆုကြေးများ၊ အေးဂျင့်ဝန်ဆောင်ခများ၊ လုပ်ခလစာတိုးမြှင့်ပေးရမှုများကြောင့် ငွေကြေးသုံးစွဲမှု များစွာပြုလုပ်ရမည်ဖြစ်သဖြင့် ခြေစွမ်းပြကစားသမားများကို စာချုပ်မကုန်ဆုံးမီ ခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ခံစစ်ပိုင်းတွင် ဟူအီဆန်ကိုခေါ်ယူ၍ အသုံးပြုနေသော်လည်း အသင်းမှ ခံစစ်ကစားသမား အလာဘာနှင့် ရူဒီဂါတို့သည် လာမည့်နှစ်တွင် အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာရန် သေချာနေသောကြောင့် လီဗာပူးအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် ကွန်နာတီကို ၂၀၂၆ ခုနှစ် နွေရာသီအပြောင်းအရွှေ့တွင် ခေါ်ယူကာ ခံစစ်ပိုင်းကိုအစားထိုးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် အယ်နာဆာအသင်းမှ ထွက်ခွာ၍ ဥရောပပြိုင်ပွဲများတွင် ကစားရန်ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား လာပေါ်တီသည် စာချုပ်ဖျက်သိမ်းရန် အသင်းက ခွင့်မပြုခဲ့သဖြင့် လာမည့်နှစ်မှသာ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာရမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းက အသက် ၃၁ နှစ်ရှိ ကစားသမားကို ခေါ်ယူရန်ပစ်မှတ်ထားခဲ့သည်။

မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားသည်လည်း စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိလာခဲ့ပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကာ ဘာစီလိုနာအသင်းက ဘဏ္ဍာရေးအခက်အခဲကြောင့် ခေါ်ယူနိုင်ခြင်းမရှိသဖြင့် စာချုပ်ကုန်ဆုံးချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူသွားမည်ဖြစ်သကဲ့သို့ အယ်ဟိုင်လာအသင်းမှ စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ရောက်ရှိနေသည့် အသက် ၂၈ နှစ်ရှိ ကွင်းလယ်ကစားသမား နီဗက်စ်ကိုလည်း ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ခေါ်ယူနိုင်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

Ref : SI

Trs : ML

## ခံစစ်ကစားသမားရိုမီရိုကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ကြောင်း စပါးအသင်းနည်းပြဖရန့် အတည်ပြုပြောကြား

**လန်ဒန် ဩဂုတ် ၁၃**

စပါးအသင်းသည် အသင်းခေါင်းဆောင် ဆွန်ဟောင်မင်ကို လော့အိန်ဂျလိစ်အက်စ်စီအသင်းသို့ ရောင်းချခဲ့ပြီးနောက် အသင်းခေါင်းဆောင်ရာထူးအတွက် ခံစစ်ကစားသမား ရိုမီရိုကိုသာ ခန့်အပ်ရန် နည်းပြသစ်ဖရန့်က အတည်ပြုခဲ့သည်။

ခံစစ်ကစားသမား ရိုမီရိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဆွန်ဟောင်မင်နောက်တွင် ကွင်းလယ်ကစားသမား မက်ဒီဆင်နှင့်အတူ ဒုတိယအသင်းခေါင်းဆောင်အဖြစ်ပူးတွဲ တာဝန်ပေးအပ်ခံရပြီးနောက် ယခုအခါနည်းပြသစ်ဖရန့်က ၎င်းကို တရားဝင်အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နည်းပြဖရန့်က "ရိုမီရိုဟာ အရမ်းအလုပ်ကြိုးစားပြီး ဖော်ရွေတတ်တဲ့သူဖြစ်ပါတယ်။ သူ့မှာ စစ်မှန်တဲ့ အရည်အသွေးအားလုံး ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုအချက်တွေနဲ့ ပြည့်စုံတဲ့ သူကပဲ အသင်းကို ဦးဆောင်နိုင်တဲ့သူပါ။ ဒါကြောင့် လာမဲ့စူပါဖလားပွဲစဉ်ကစပြီး သူ့ကိုတစ်ရာသီလုံး အသင်းရဲ့ ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်တာပါ" ဟု ပြောကြားခဲ့သည်။




အသက် ၂၇ နှစ်ရှိ ရိုမီရိုသည် ၂၀၂၀-၂၀၂၁ ခုနှစ် ဘောလုံးရာသီကလည်း အတ္တလန်တာအသင်းတွင် ကစားခဲ့စဉ်က စီးရီးအေ၏ အကောင်းဆုံး ခံစစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် စပါးအသင်းနှင့် ပူးပေါင်းခဲ့ချိန်တွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ထိ ပါဝင်၍ ခံစစ်ပိုင်းတွင် အသင်းဖော်ဗန်ဒီဗန်နှင့် အကောင်းဆုံးတွဲဖက်ကာ အသင်းကို ယူရိုပါလိဂ်ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဘာစီလိုနာအသင်းက လီဂမ်ဒေါစကီး၏ ဒဏ်ရာအခြေအနေကြောင့် အယ်ဗာရက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်း




**ဘာစီလိုနာ ဩဂုတ် ၁၃**

ဘာစီလိုနာအသင်းက အသင်းတိုက်စစ်ပိုင်းတွင် လီဂမ်ဒေါစကီး အနေဖြင့် ဒဏ်ရာပြဿနာများကြောင့် ကာလအတန်ကြာအနားယူရမည် ဖြစ်သည့်အတွက် အေတီကိုအသင်းမှ အယ်ဗာရက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လီဂမ်ဒေါစကီးသည် ရာသီကြို လေ့ကျင့်ရေးခရီးစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ရမည်ဖြစ်သည့်အတွက် အယ်ဗာရက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

အယ်ဗာရက်ဇ်သည် ပြီးခဲ့သည့် နှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ အေတီကိုအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အယ်ဗာရက်ဇ်နှင့် အေတီကိုအသင်းတို့ စာချုပ်သက်တမ်းမှာ ကျန်ရှိနေသေးသော်လည်း အယ်ဗာရက်ဇ်ကိုယ်တိုင်က ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အသင်းသို့ ပြောင်းရွှေ့ကစားလိုနေသဖြင့် ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လီဂမ်ဒေါစကီးနှင့် စာချုပ်သက်တမ်းမှာလည်း တစ်နှစ်သာကျန်ရှိတော့သည့်အတွက် လာမည့်ဘောလုံးရာသီအကုန်တွင် လမ်းခွဲနိုင်သည့် အခြေအနေများကြောင့် အသင်းတိုက်စစ်ပိုင်းအတွက် ရေရှည်အစားထိုးရန် အယ်ဗာရက်ဇ်ကို ပစ်မှတ်ထားနေပြီး ဘာစီလိုနာအသင်းဥက္ကဋ္ဌလာပေါ်တီ ကိုယ်တိုင်က အယ်ဗာရက်ဇ်ကို ခေါ်ယူရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**အိုဟိုင်းယိုး ဩဂုတ် ၁၃**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ဆားဘီးယားတင်းနစ်ကစားသမား မက်ဂျီဒိုဗစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ကစားခွင့် ရထားသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဒုတိယအဆင့်တွင် ဘော့စနီးယားတင်းနစ်ကစားသမား ဒမ်ဟာကို အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဂျီဒိုဗစ်အားအနိုင်ရခဲ့သည့် ပွဲစဉ်သည် အယ်ကာရက်ဇ်အတွက် ယခုနှစ်အတွင်း နိုင်ပွဲ ၅၀ ပြည့်မြောက်ခဲ့သည့် ပွဲစဉ်ဖြစ်ခဲ့ပြီး နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည်ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာထံမှ ကမ္ဘာ့အဆင့်(၁)နေရာအား လွှဲပြောင်းရယူနိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

အယ်ကာရက်ဇ်က “တတိယအဆင့်ပွဲစဉ်ဟာ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ပွဲစဉ်မှာ အနိုင်ရခဲ့တာကို ဝမ်းသာပါတယ်။ တင်းနစ်ရာသီတစ်ရာသီဆိုတာ ရှည်လျားတဲ့ကာလတစ်ခုဖြစ်ပါတယ်။ အခုဆိုနှစ်ဝက်ကျော်လာပြီ။ ပထမနှစ်ဝက်အတွင်းမှာ ကျွန်တော့်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းတာလဲရှိခဲ့သလို မကောင်းတာလဲ ရှိခဲ့တယ်။ ကြံ့ခိုင်မှု ရာနှုန်းပြည့်ကောင်းမွန်ခြင်းမရှိခဲ့ပေမဲ့လဲ အပေါင်းလက္ခဏာဆောင်တဲ့အတွေးပဲ တွေးပြီးတော့ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားခဲ့ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကေတီတေလာကို ကင်မရွန်းနှင့် တတိယမြောက်မကျေပွဲစဉ်ထိုးသတ်ရန် WBC ညွှန်ကြား

**မက္ကဆီကိုစီးတီး ဩဂုတ် ၁၃**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် အခြေစိုက်သည့် WBC လက်ဝှေ့အဖွဲ့ချုပ်သည် အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာအား အင်္ဂလန်လက်ဝှေ့မယ် ကင်မရွန်းနှင့် ထိုးသတ်သွားရန် ညွှန်ကြားလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာနှင့် ကင်မရွန်းတို့သည် ၂၀၂၃ ခုနှစ် မေလတွင် တစ်ကြိမ်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်တစ်ကြိမ် ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသည်။

ပထမအကြိမ်တွင် ကင်မရွန်းက Major Decision(MD) ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကြိမ်မကျေပွဲစဉ်တွင်ကေတီတေလာက MD ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

တတိယမြောက် မကျေပွဲစဉ်ထိုးသတ်ရန် ဆွေးနွေးခဲ့ကြသော်လည်း ကေတီတေလာက ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နီနှင့် ယှဉ်ပြိုင်ထိုးသတ်သွားရန် ရွေးချယ်ခဲ့သည်။

ဆာရန်နီနှင့် နှစ်ကြိမ်ဆက်တိုက် ထိုးသတ်ခဲ့ပြီးနောက် လက်ဝှေ့မယ်ဘဝမှ အနားယူရန် စဉ်းစားနေကြောင်း ကေတီတေလာက ထုတ်ဖော်ပြောကြားလာခဲ့သည်။

သို့သော်လည်း ကေတီတေလာအနေဖြင့် WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကိုကာကွယ်ရန် အချိန်ရောက်လာပြီဖြစ်သည့်အတွက်ကြောင့် လက်ရှိချန်ပီယံကို ကာကွယ်ရန်အတွက် ချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ရထားသလို ချန်ပီယံဟောင်းလည်းဖြစ်သည့် ကင်မရွန်းနှင့် ထိုးသတ်သွားရန် WBC က ညွှန်ကြားလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : DAZN**
**Trs : AZL**

# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးလိုကြောင်း ပက်ထရစ်ကန်တလေ ပြောကြား

**မယ်ရီလန်း ဩဂုတ် ၁၃**



အမေရိကန်နိုင်ငံ မယ်ရီလန်းပြည်နယ်တွင် ကျင်းပသွားမည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး တတိယမြောက် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲဆုဖလားအား ဆွတ်ခူးလိုကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက ယနေ့တွင် ပြောကြားခဲ့သည်။

ပက်ထရစ်ကန်တလေ သည် ၂၀၂၁ ခုနှစ်က တစ်ကြိမ်၊ ၂၀၂၂ ခုနှစ်တွင်တစ်ကြိမ် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်သူဖြစ်ပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူအဖြစ်လည်း မှတ်တမ်းဝင်ထားသည်။

ပက်ထရစ်ကန်တလေ သည် ကြံ့ခိုင်မှုပိုင်းကိုဦးစားပေးလေ့ကျင့်မှုပြုလုပ်ထားသူဖြစ်ပြီး ကြံ့ခိုင်မှုဆိုင်ရာစစ်ဆေးချက်ကိုလည်း ၂ နာရီ မိနစ် ၃၀ အကြာ ပြုလုပ်ခဲ့ရာ ကြံ့ခိုင်မှုရာနှုန်းပြည့် ကောင်းမွန်နေကြောင်း သိရသည်။

ပက်ထရစ်ကန်တလေ က “ကျွန်တော့်အတွက်တော့ ဒီပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တိုင်း အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ အကောင်းဆုံးကစားနိုင်အောင် ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံး လုပ်ဆောင်သွားမယ်။ လေ့ကျင့်ရေးအစီအစဉ်မှာလဲ အကောင်းဆုံး လေ့ကျင့်မှုတွေ ပြုလုပ်နေသလို ကြံ့ခိုင်မှုပိုင်းကိုလဲ ဦးစားပေးလေ့ကျင့်ထားပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုတွေလဲ ရခဲ့ဖူးတယ်။ နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ မှတ်တမ်းကောင်းလဲရှိတယ်။ နောက်ထပ် ချန်ပီယံ ဆွတ်ခူးနိုင်ဖို့အတွက်လဲ ရည်မှန်းထားပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Myanmar National League 2025-2026 ပြိုင်ပွဲ ပွဲစဉ်ဇယား ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပသည့် Myanmar National League 2025–2026 ပြိုင်ပွဲကို ဩဂုတ် ၁၅ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်ဇယားများကိုလည်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လာမည့်မြန်မာနေရှင်နယ်လိဂ်-၁ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ မဟာယူနိုက်တက်၊ ရတနာပုံ၊ ISPE၊ သစ္စာအားမာန်၊ ဧရာဝတီယူနိုက်တက်၊ ဒဂုံပေါ့၊ ရခိုင်ယူနိုက်တက်နှင့် တန်းတက်ရာမည ယူနိုက်တက် အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁)တွင် ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ဧရာဝတီယူနိုက်တက်နှင့် ရာမညယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီ၊ ဒဂုံပေါ့နှင့် ISPE၊ ဒဂုံစတားယူနိုက်တက်နှင့် သစ္စာအားမာန်၊ မဟာယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ယခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၀၂၆ မတ် ၃၁ ရက်ထိ သုဝဏ္ဏ၊ YUSC၊ သီဟဒီပ(သန်လျင်)နှင့် တောင်ကြီး ပြည်နယ် အားကစားကွင်းတို့၌ ကျင်းပပြုလုပ် သွားမည်ဖြစ်ပြီး ဒုတိယအကျော့ ပွဲစဉ်ဇယားအား ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# အမည်သညာ မင်္ဂလာရှိကြပါစေ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

'မင်္ဂလာ'ကို တိုးတက်ကြီးပွားရာအကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်းဟုဖွင့်ဆိုကြသည်။ မင်္ဂလာနှင့်စပ်လျဉ်း၍ မြန်မာတို့တွင် လောကီလောကုတ္တရာနှင့်စပ်လျဉ်းသော မင်္ဂလာများစွာရှိကြသည်။ ၎င်းတို့မှာ 'ဒသနိပါတ် မဟာမင်္ဂလဇာတ်လာ လောကီလောကုတ္တရာမင်္ဂလာ ရှစ်ပါး။ နှစ်ပေါင်းမည်မျှကြာက စကြဝတေးမင်း ပေါ်မည်၊ ကမ္ဘာပျက်မည်၊ ဘုရားပွင့်မည် စသော လူတို့က လူတို့ကိုပူးကပ်လျက် ကြွေးကြော်သော ကောလာဟလ မင်္ဂလာငါးပါး။ မြတ်စွာဘုရား ကိုယ်တော်တိုင်ဟော ကြားတော်မူသောမင်္ဂလာ တရား၃၈ပါး။ အုတ်အုတ်ကျက်ကျက် တခဲနက်သော ကောင်းချီးဩဘာပေးသံဖြစ်သည့် ကောတူဟလ မင်္ဂလာ၁၀ပါး။ သွန်းလောင်းခြင်းဟု အနက်ရသည့် မင်္ဂလာနှင့်စပ်ဆိုင်သော ဘိသိက် ၁၂ ပါးနှင့် လောကီမင်္ဂလာ ၁၂ ပါးဟူ၍ အပြားပြားသောမင်္ဂလာတို့ကို ပြတတ်ကြသည်။

မြန်မာတို့၏ လူနေမှုဘဝတစ်သက်တာတွင် အလုံးစုံသောကျက်သရေကို ဆောင်ရန်အလို့ငှာ လောကီမင်္ဂလာ ၁၂ ပါးကို သတ်မှတ်ထားရှိသည်။ ၎င်းမင်္ဂလာ ၁၂ပါးမှာ

၁။ ဝိဇာတမင်္ဂလာ = ဖွားမြင်သောအခါ ပြုသော မင်္ဂလာ။
၂။ မုခဒဿနမင်္ဂလာ = ရတနာသုံးပါးတို့အား ရှိခိုးပူဇော်ခြင်း။
၃။ ကမ္ဗုလပတ္တမင်္ဂလာ = ကွမ်းဦးခွံ့မင်္ဂလာ။
၄။ ကေသစ္ဆေဒနမင်္ဂလာ = ဆံပင်ပယ်သောမင်္ဂလာ။
၅။ ကရဏ္ဍမင်္ဂလာ = ပုခက်ယေင်တင်ခြင်းမင်္ဂလာ။
၆။ နာမကရဏမင်္ဂလာ = နာမည်ပေးမင်္ဂလာ။
၇။ ဒုဿရဝိန္ဒုမင်္ဂလာ = နေလပြမင်္ဂလာ။
၈။ ပဌမဘတ္တမင်္ဂလာ = ထမင်းဦးခွံ့မင်္ဂလာ။
၉။ ကေသဗန္ဓနမင်္ဂလာ = ဆံထုံးဥဿျှောင်ထုံးသော မင်္ဂလာ။
၁၀။ ကဏ္ဏဝိဇ္ဈမင်္ဂလာ = နားသသောမင်္ဂလာ။
၁၁။ ပဗ္ဗဇ္ဇမင်္ဂလာ = ရှင်ပြုမင်္ဂလာ။
၁၂။ အာဝါဟဝိဝါဟမင်္ဂလာ = လက်ထပ်မင်္ဂလာ တို့ဖြစ်ကြသည်။

မိဘဆွေမျိုးများအကျိုးငှာလည်းကောင်း၊ ဘာသာသာသနာအကျိုးငှာလည်းကောင်း ရည်မျှော်ကာ မွေးဖွားလာကြသည့် မွေးစကလေးကိုမင်္ဂလာတို့ဖြင့် မိဘတို့က ထုံမွမ်းကြသည်။ ၎င်းကိုရည်၍ မွေးစကလေးကို ကင်ပွန်း၊ တရော်တို့ဖြင့် ဦးခေါင်းဆေးခြင်း မင်္ဂလာပြုကြသည်။ ဤသို့ပြုသည်ကို ကေသစ္ဆေဒနမင်္ဂလာပြုသည်ဟု ဆိုကြသည်။ 'ကေသစ္ဆေဒန'ဟူသည်မှာ ခေါင်းရိတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ သန့်ရှင်းစင်ကြယ်ခြင်းအလို့ငှာ ကလေး၏ ဦးခေါင်းကို တရော်ကင်ပွန်းတို့ဖြင့် ဆေးကြောခြင်းပင်ဖြစ်သည်။ နာမကရဏမင်္ဂလာဖြစ်သည့် အမည်မှည့်သည့်မင်္ဂလာပွဲကိုလည်း ကျင်းပကြသည်။

ဤမင်္ဂလာပွဲမျိုးကို တရုတ်၊ အိန္ဒိယနှင့် ဂရိနိုင်ငံများတွင် ရှေးပဝေသဏီကပင် ပြုလုပ်လေ့ရှိကြသည်။ အိန္ဒိယ ယဟူဒီလူမျိုးတို့သည် မွေးစကလေးကို ဆားရည်ဖြင့် ဆေးကြောခြင်း၊ အမည်ပေးခြင်း အခမ်းအနားများကို ခရစ်တော်မပေါ်မီအချိန်ကာလကပင် ပြုလုပ်လေ့ရှိသည်။ မြန်မာနိုင်ငံ၌ ပြုလုပ်လေ့ရှိသော ကင်ပွန်းတပ်မင်္ဂလာအခမ်းအနားမှာ တရုတ်လူမျိုး၊ ဟိန္ဒူလူမျိုးများ ပြုလုပ်ပုံနှင့် ဆင်တူယိုးမှားပင်ဖြစ်သည်။ ဤဓလေ့ထုံးစံကို ဟိန္ဒူလူမျိုးများထံမှ ဆင်းသက်ပြန့်ပွားလာဟန်ရှိသည်။ တရုတ်လူမျိုးများကမူ ဤမင်္ဂလာပွဲကို 'ခေါင်းရိတ်ပွဲ' ဟုခေါ်ဆိုကြသည်။

ဇိနတ္ထပကာသနီကျမ်းတွင်ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသားအား ဖွားမြင်ပြီးသည့်နောက် ငါးရက်မြောက်နေ့၌ အမည်မှည့်အပ်သော အခမ်းအနားကျင်းပပုံကို "အလုံးစုံသောမင်းအိမ်တော်ကို အကျော်၊ ဇလပ်၊ ပရုတ်၊ စန္ဒကူး ဟူသောနံ့သာမျိုးလေးပါး၊ ထူးပြားသောအခိုးအထုံတို့ဖြင့် လိမ်းကျံပက်ဖျန်း၍ ဇလပ်ပန်း၊ မုလေးပန်း၊ ပေါက်ပေါက်ပန်း၊ နေဇာ၊ မာလာကျိုကျူ စသောပန်းမျိုးတို့ကို ဖြိုးဖြိုးပြည့် မျှကြဲစေလျက်၊ သားတော်ကိုနံ့သာရည်တို့ဖြင့် ခုနစ်ကြိမ်ချီးလျက်၊ ကိုးပါးသောရတနာအစုထက်နေစေ၍၊ ဗေဒင်သုံးကျမ်း၊ တစ်ဖက်ကမ်းရောက်တတ်

**❖ မြန်မာတို့သည် မိမိတို့ရရှိထားသောလူ့ဘဝတန်ဖိုးကို ပိုင်းပိုင်းခြားခြား သိရှိသူများဖြစ်သည်။ ရရှိသောဘဝတွင် လောကုတ်လောကီ နှစ်လီသောအကျိုးအတွက် ထိထိရောက်ရောက်အသုံးပြုလိုသူများဖြစ်သည်။ တန်ဖိုးရှိသောလူ့ဘဝကို ကျက်သရေမင်္ဂလာအပေါင်းနှင့်ရံခြယ်ထားကြသည်။ ယခုခေတ် မြန်မာတို့သည် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကြရာတွင် "မင်္ဂလာပါ"ဟု ပြောဆိုနှုတ်ဆက်လာခဲ့ကြသည်။ ရည်ရွယ်သည်မှာ မိမိတို့ဘဝကို မင်္ဂလာဖြင့် စလိုက်ခြင်းပင်ဖြစ်သည်။ ❖**

မြောက်သော ပုဏ္ဏား တစ်ရာ့ရှစ်ယောက်ကိုခေါ်၍ အဖျော်ယမကာဃနာထမင်းတို့ဖြင့် ကျွေးမွေးပြီးသော် ပူဇော်သက္ကာရအများဆောင်နှင်း၍ မင်းသား၏လက္ခဏာနိမိတ်ကို စစ်ဆေးမေးတော်မူ၏"ဖော်ပြထားရာ ယခုခေတ် မြန်မာလူမျိုး၊ ဟိန္ဒူလူမျိုးတို့ ကျင်းပပုံနှင့် များစွာတူလှသည်။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် ကင်ပွန်းတပ်မင်္ဂလာပွဲကျင်းပခြင်းမှာ အလွန် ရှေးကျသော ထုံးတမ်းစဉ်လာတစ်ခုဖြစ်ကြောင်း ထင်ရှားလေသည်။

မြန်မာနိုင်ငံ၌ ကင်ပွန်းတပ်မင်္ဂလာဆင်ယင်ပုံမှာ ကလေးသူငယ်ကို မွေးဖွားပြီးနောက် ရက်သတ္တတစ်ပတ် သို့မဟုတ် နှစ်ပတ်အတွင်း နေ့ကောင်းရက်သာရွေး၍ ကျင်းပလေ့ရှိသည်။ ချမ်းသာသူများအတွက် ပုဏ္ဏားဆရာများ ပင့်ဖိတ်ကာ ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိကြသည်။ ပုဏ္ဏားဆရာများက ဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် မင်္ဂလာပွဲကို စတင်ကျင်းပလေသည်။ သတ်မှတ်ထားသောနေ့ရက်တွင် မင်္ဂလာပွဲကိုဦးစီးရှေ့ဆောင်ပြုလုပ်သူက မင်္ဂလာစကားများ ပြောကြားပြီးနောက် အသင့်ပြုလုပ်ထားသော ကင်ပွန်း၊ တရော်ရည်တို့ဖြင့် သူငယ်၏ဦးခေါင်းကို ဆေးကြောပေးသည်။ အကယ်၍ ဦးခေါင်းရိတ်ရန်လိုအပ်လျှင်လည်း ဦးခေါင်းရိတ်ပြီးမှ ဆေးကြောလေသည်။ဖိတ်ကြားရောက်ရှိနေကြသော ပရိသတ်ထဲမှ ရင်းနှီးသော ဆွေမျိုးမိတ်သင်္ဂဟများကလည်း ကင်ပွန်းရည်ဖြင့် ကလေးကို စတိသုတ်လိမ်း ဆေးကြောပေးကြသည်။

ထို့နောက် သူငယ်အား သန့်ရှင်းဖြူစင်သော အဝတ်အစားများ ဝတ်ဆင်ပေးပြီးလျှင် အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းလိမ်းကျံပေးကြသည်။ တစ်ဖန် မင်္ဂလာပွဲကို ဦးစီးဆောင်ရွက်သည့် ပုဂ္ဂိုလ်ကပင် သူငယ်အား သင့်လျော်သောအမည်နာမကို ချီးမြှင့်လေသည်။

အရင်းမွေး၊ အဖျားခံ၊ မှတ်ရန်ပဉ္စပွတ်။ သားသမီး ရတနာ၊ မည်သညာ၊ ပြုရာလောကဝတ်ဆိုသော ဗေဒင်ကျမ်းဆောင်ပုဒ်နှင့်အညီ ခေါ်ဝေါ်သမုတ်ကြသည်။ ပုံစံအားဖြင့် တနင်္ဂနွေနံအစထား၍ တနင်္ဂနွေမှ ငါးရက်မြောက်သော ကြာသပတေးနံကို အဖျားတွင်ထားလျက် မှည့်ခေါ်ရမည်ဟုဆိုလိုသည်။ ထို့ကြောင့် တနင်္ဂနွေသား၏အမည်ကို 'အောင်ပွင့်' 'အောင်ပန်း' စသည်ဖြင့် မိဖများနှင့်ဆွေးနွေးတိုင်ပင်၍မှည့်ခေါ်လေ့ရှိသည်။

အမည်ပညတ်တို့တွင် အခိုက်အတန့်ကိုစွဲ၍ ဖြစ်သော၊ ရှင်ပြုသောအခါ၊ ကိုရင်ဝတ်သောအခါ ပေးသောဘွဲ့၊ ဘုရင်၊ အစိုးရမင်းတို့ ချီးမြှင့်သော ဘွဲ့အမည်သည် "အာဝတ္တိက" အမည်ဖြစ်သည်။ အဆင်းသဏ္ဌာန် ပုံဟနကိုစွဲ၍ဖြစ်သော မောင်ဖြူ၊ မောင်မဲအမည်တို့ကား "လိင်္ဂိက" အမည်ဟုခေါ်သည်။ အကြောင်းမဘက် သက်သက်အလိုအတိုင်း မှည့်အပ်သော နွဲ့နွဲ့၊နှောင်းနှောင်း ခေါ် တိုင်းကောင်းအောင် အကြောင်းအားလျော်စွာ မှည့်သောအမည်ကိုကား "အာဓိစ္စသမုပ္ပန္န" အမည်ဟုခေါ်ကြသည်။ အကြောင်းထူး၊ ဂုဏ်ကျေးဇူးကိုစွဲ၍ဖြစ်သော နေ့သင့်၊ နံသင့်၊ မိတ်ဂြိုဟ်ရန် ဂြိုဟ်နံကိုရွေးချယ်၍၊ ဘေးအသွယ်သွယ်တို့ မထိမကပ်ရအောင် မှည့်အပ်သောအမည်သည်ကား "နေမိတ္တိက"ဟုခေါ်ဆိုကြသည်။

ထို့ကြောင့် အာဝတ္တိကအမည်၊ လိင်္ဂိကအမည်၊ အာဓိစ္စသမုပ္ပန္နအမည်တို့ကိုထား၍ ယခုအမည်ပေးအံ့သောမင်္ဂလာမှာ ဣစ္ဆိတံလိုတိုင်းပြီးတဲ့အောင်၊ နေမိတ္တိကအမှန်ဗဟိုဂိုဏ်းကြီးတွင် ဆိုတိုင်းပြီးသည့် ဩဇာအာဏာတို့ဖြင့် လောကသံသရာနှစ်ဖြာ အမည်တက်ပြီး ကမ္ဘာအရှည်မပျက်ညှိကာ ချိန်လိုက်တော့ ဝိသာခါအနာတပိဏ်တို့လို ကမ္ဘာအကြိမ်တစ်ရာ မတည်ပျက်သော် လည်းအမည်မဖျက်ဘဲ သီလတန်ခိုးနှင့်တည်ရသည့်အကျိုး မဟာဖွလကြောင့် ကိုးနဝရတ်မက ဤကလေးကိုအမည်ပေးရန် ပဏာမတပ်ဆင်ကာဖြင့် နာမကရဏမင်္ဂလာကို ဆင်ယင်ကာနွဲပါမည်၊ မည်တွင်သညာ ခေါ်စရာကား "မောင်အောင်ပွင့်" ဟု ကမ္ဘာတွင်စေဗျား၊ အသွင်ရွှေငွေပတ္တမြားဂမုန်းပန်းအမျိုးကလေးမှာ ဘုန်းတန်ခိုးတိုး၍မပျက် တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော်ရှည်စေသော်" ဟု အမည်ပေးနာမကရဏမင်္ဂလာကိုပြုကြသည်။

ကလေးကိုအမည်မှည့်ပြီးနောက် ကြေးမုံပြင် (ယခုခေတ်တွင်- မှန်)ကိုကြည့်ရှုစေသည်။ ဓားအပ်၊ ကညစ်စသောလူသုံးကုန်ပစ္စည်းများကိုလည်း စတိအဖြစ်ကိုင်တွယ်စေသည်။ ထို့နောက် တစ်ဖန်မြေကြီးပေါ်တွင်ခုနစ်ကြိမ်မျှခြေထောက်ချစေ၍သွားသည်ဟန်ပြုစေသည်။ မင်္ဂလာပွဲသို့ကြွရောက်လာသော ဧည့်ပရိသတ်များက သူငယ်ကျန်းမာ ချမ်းသာစေရန်၊ အသက်ရှည်ရန် ဆုတောင်းမေတ္တာပို့ကြသည်။ "ယံဒုန္နိမိတ္တံအဝမင်္ဂလဉ္စ၊ ယောစာမနာပေါ..." အစရှိသော ပုဗ္ဗဏှသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လိုကလည်း ရွတ်ဖတ်ကြသည်။ အများအားဖြင့် သမန္တာမှစ၍ အာဋာနနိယသုတ်၊ ပုဗ္ဗဏှသုတ်တို့ကိုရွတ်ကြသည်။

ထို့နောက် ဖိတ်မန္တပြုထားသော ဧည့်ပရိသတ်တို့ကို စားသောက်ဖွယ်တို့ဖြင့် တည်ခင်းကျွေးမွေးလေသည်။ ဤမင်္ဂလာပွဲတွင် မိဘဆွေမျိုးများက ကလေးသူငယ်ကို ရွှေငွေပစ္စည်းရတနာများ လက်ဖွဲ့လေ့ရှိသည်။ မရွှေ့မပြောင်းနိုင်သော လယ်ယာမိုးမြေပစ္စည်းများကို လက်ဖွဲ့လိုလျှင် စာချုပ်စာတမ်းနှင့်ပေးကမ်းမှသာ တရားဝင်သည်။ ဓမ္မသတ်ကျမ်းများတွင် ဤသို့မင်္ဂလာပွဲများ၌ရရှိသော လက်ဖွဲ့ပစ္စည်းများကို 'သင်းသီး' ပစ္စည်းအမျိုးအစားထဲ၌ထည့်သွင်းထားလျှင် ထိုပစ္စည်းများမှာ လက်ခံရရှိသူ၏တစ်ဦးတည်းပိုင်ပစ္စည်းများ ဖြစ်သွားတော့သည်။ အမွေခွဲဝေသည့်အခါဖြစ်စေ၊ လင်မယားကွာရှင်းသည့်အခါဖြစ်စေ အခြားသူများက သက်ဆိုင်ခြင်းမရှိချေ။

ကင်ပွန်းတပ်မင်္ဂလာပွဲပြုလုပ်ခြင်း၏ အဓိပ္ပာယ်သဘောမှာ လောကအတွင်းရောက်ရှိလာသော ကလေးသူငယ်ကို တစိမ်းသက်သက်ဘဝမှ အမည်သညာပေးကာ လူ့လောကကြီးနှင့်လည်းကောင်း၊ လူသုံးပစ္စည်းများနှင့်လည်းကောင်း မိတ်ဆက်ပေးလိုက်သည့်အပြင် လူမှုဆက်ဆံမှုအဆောက်အအုံထဲ၌ ထည့်သွင်းမြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ဤသည်ကိုအကြောင်းပြု၍ မြန်မာလူမျိုးတို့သည် အခြားလုပ်ငန်းရပ်များတွင်လည်း လုပ်ငန်းစတင်ခြင်း၊ အမည်ပေးခြင်းတို့နှင့် သက်ဆိုင်လျှင် ကင်ပွန်းတပ်သည်ဟုပင် တင်စားခေါ်ဝေါ်ကြလေသည်။

အထက်ကဖော်ပြခဲ့သော မင်္ဂလာအပြားပြားတို့အပြင် ပန္နက်တင်မင်္ဂလာ၊ အုတ်မြစ်ချမင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ လယ်ထွန်မင်္ဂလာ၊ ကောက်ရိတ်သိမ်းမင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ အန္တရာယ်ကင်းမင်္ဂလာ၊ စစ်ထွက်မင်္ဂလာ၊ နှစ်သစ်မင်္ဂလာ၊ နန်းတက်နန်းသိမ်းမင်္ဂလာတို့နှင့်ရာသီအလိုက် ပြုလုပ်သောမင်္ဂလာ၊ နေ့စဉ်ပြုလုပ်နေကြ မင်္ဂလာအများအပြားရှိကြပြန်သည်။

မြန်မာတို့သည် မိမိတို့ရရှိထားသောလူ့ဘဝတန်ဖိုးကို ပိုင်းပိုင်းခြားခြား သိရှိသူများဖြစ်သည်။ ရရှိသောဘဝတွင် လောကုတ်လောကီနှစ်လီသောအကျိုးအတွက် ထိထိရောက်ရောက်အသုံးပြုလိုသူများဖြစ်သည်။ တန်ဖိုးရှိသောလူ့ဘဝကို ကျက်သရေမင်္ဂလာအပေါင်းနှင့်ရံခြယ်ထားကြသည်။ ယခုခေတ်မြန်မာတို့သည် တစ်ဦးနှင့်တစ်ဦးနှုတ်ဆက်ကြရာတွင် "မင်္ဂလာပါ" ဟုပြောဆိုနှုတ်ဆက်လာခဲ့ကြသည်။ ရည်ရွယ်သည်မှာ မိမိတို့ဘဝကို မင်္ဂလာဖြင့် စလိုက်ခြင်းပင်ဖြစ်သည်။ မိမိဘဝကို လှပအောင်၊ တန်ဖိုးရှိအောင် ပြုမူလာကြခြင်းဖြစ်သည်။

ထို့ကြောင့် နေထိုင်ရာ ဘဝတစ်လျှောက်လုံး မင်္ဂလာတရားတို့ဖြင့် သင်းထုံနေထိုင်သွားကြရန်နှင့် အမည်သညာတို့တွင်လည်း မင်္ဂလာရှိကြပါစေဟု မင်္ဂလာစကားလက်ဆောင်ပါးလိုက်ရပါသည်။

**ကိုးကား**
**၁။ မြန်မာစွယ်စုံကျမ်းအတွဲ(၁)**
**၂။ လူ့ဘဝတန်ဖိုးထားမှုစရိုက်နှင့်လောကီမင်္ဂလာ ၁၂ ခန်း (ချစ်စံဝင်း)**

# စနေရတနာ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပပြုလုပ်



**ရန်ကုန် ဩဂုတ် ၁၃**

CANAL+ ရုပ်သံလိုင်း၏ ကိုယ်ပိုင်ဖန်တီးမှုအဖြစ် မြင်တွေ့ရမည့် စနေရတနာ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ်ပါဝင်မည့် အကယ်ဒမီ စိုးပြည့်သဇင်ထံမှ သိရသည်။

စနေရတနာ ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကိုEvren က ခံစားရေးဖွဲ့ထားပြီး ဟေမာန်ဟိဏ်း၊ စန်းစန်းရင်နှင့်တုန်ိုင်းချာန်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာအိအိခိုင်က တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"စနေရတနာ ဇာတ်လမ်းတွဲကတော့ CANAL+ မှာ ပြသမှာပါ။ စိုးပြည့်က ဒီအထဲမှာတော့ ရုပ်ရှင်မင်းသမီးတစ်ယောက် ကာရိုက်တာပေါ့နော်။ အရင် စိုးပြည့် ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားနဲ့ အကယ်ဒမီရခဲ့ပေမဲ့ ကာရိုက်တာတွေကတော့ မတူပါဘူး။ စိုးပြည့်နဲ့ သိပ်မတူတဲ့ ကာရိုက်တာတစ်ခုတော့ သရုပ်ဆောင်ရမှာပါ။ အန်တီစိုးမိုးကြည်နဲ့က ခဏခဏရိုက်ဖူးပေမဲ့ ကျန်တဲ့ MRTV-4 မင်းသားတွေနဲ့ကတော့ ပထမဆုံးတွေ့ဆုံရမဲ့ ဇာတ်လမ်းတွဲပါ"ဟု သရုပ်ဆောင်စိုးပြည့်သဇင်က ပြောပြ၍ သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရေချမ်း၊ စည်သူဝင်း၊ စိုးပြည့်သဇင်၊ စိုးမိုးကြည်၊ စံပယ်မိုး၊ လင်းလပြည့်ထက် စသည့်သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Clayface ဇာတ်ကား၌ မင်းသား မက်စ်မင့်ဟယ်လာ ပါဝင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၁၃**

DC Studio ရုပ်ရှင်၏ Clay-face ဇာတ်ကား၌ မင်းသား မက်စ်မင့်ဟယ်လာ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မက်စ်မင့်ဟယ်လာသည် Clayface ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် DC Studioနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက မက်စ်မင့်ဟယ်လာသည် မင်းသား တွန်ရိုင်းစ်ဟာရီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Clayface ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းစ်ဝပ်ကင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ခ်ဖလာနာဂန်က ရေးသားပေးထားသည်။

Clayface ဇာတ်ကားကို ဗြိတိန်နိုင်ငံရှိ ဝါနာဘရားသားကုမ္ပဏီပိုင် လီဗက်စဒန် စတူဒီယို၌ ရိုက်ကူးရန် စီစဉ်ထားသည်။

Clayface ဇာတ်ကားကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ရုံတင်ပြသရန် DC Studio က စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် ဝေလနှင့် ဂျီလတ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီးရှိ Modern Radio Bar တွင် ပြုလုပ်မည်




**ရန်ကုန် ဩဂုတ် ၁၃**

တေးသံရှင် ဝေလနှင့် ဂျီလတ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Modern Radio Bar တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင်ဝေလက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် ဝေလနှင့် ဂျီလတ်တို့၏ တေးဂီတဖျော်ဖြေပွဲကို Modern Radio Bar တွင် လာမည့် ဩဂုတ် ၁၇ ရက် ည ၇ နာရီတွင် ပြုလုပ်သွားမည် ဖြစ်ကာ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို MERCURY IX SHEENO Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်သည်။

"ဂျီလတ်နဲ့ တွဲပြီး တေးသီချင်းတော်တော်များများ သီဆိုသွားဖို့ ရှိပါတယ်။ Band ကတော့ MER-CURY IX SHEENO Music Band နဲ့ တွဲဖက်ဖျော်ဖြေပေးမှာပါ။ Modern Radio ရဲ့ ပင်တိုင် အဆိုရှင်တွေလဲ ပါဝင်အားဖြည့်ပေးကြအုံးမှာမို့ ဩဂုတ် ၁၇ ညမှာ ဆုံကြပါစို့" ဟု တေးသံရှင် ဝေလက ပြောပြသည်။

အဆိုပါ Modern Radio Bar တွင် လာမည့် ဩဂုတ် ၃၀ ရက်တွင်လည်း ထင်ရှားသည့် တေးသံရှင်များဖြစ်သည့် တေးသံရှင် ရဲလေး၊ ဟဲလေး၊ ထွန်းထွန်းတို့၏ တေးဂီတ ဖျော်ဖြေပွဲကို ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ASH

# အကောင်းဆုံးနိုင်ငံတကာဇာတ်ကားဆုအတွက် I'm Not Everything I Want to be ရုပ်ရှင်ဇာတ်ကားကို ချက်သမ္မတနိုင်ငံတင်သွင်း

**နယူးယောက် ဩဂုတ် ၁၃**

၉၈ ကြိမ်မြောက် အော်စကာဆုပေးပွဲအကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် I'm Not Everything I Want to be အမည်ရှိဇာတ်ကားကို ချက်သမ္မတနိုင်ငံကရွေးချယ် တင်သွင်းထားကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် ချက်ဓာတ်ပုံဆရာ လီဘတ်စ်ဂျာကော့ကိုဗာ၏ ဘဝတစ်စိတ်တစ်ပိုင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

I'm Not Everything I Want to be ဇာတ်ကားကို ချက် အမျိုးသမီး ဒါရိုက်တာ ကလာရာတာဘော့စကီးက ရိုက်ကူးပေးထားခြင်းဖြစ်သည်။

ချက်သမ္မတနိုင်ငံသည် အော်စကာဆုပေးပွဲများ၌ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားကို သုံးကြိမ်ထိ ရရှိခဲ့ဖူးကြောင်း၊ အဆိုပါ ၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲကို ၂၀၂၆ ခုနှစ် မတ်လအတွင်း လော့စ်အိန်ဂျလိမြို့တော်၌ ကျင်းပမည်ဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် သရုပ်ဆောင် လှမျိုးသဥ္ဇာနွယ်မိသားစုက အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် သရုပ်ဆောင် လှမျိုးသဥ္ဇာနွယ်မိသားစုက အလှူငွေကျပ် ငါးသိန်းကို ဩဂုတ် ၁၂ ရက်က မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတွင် လာရောက်ပေးအပ် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ထားသည့် သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ အကြိမ် ၂၀ မြောက် ချီးမြှင့်ပေးမည်ဖြစ်ပြီး ထိုဆုချီးမြှင့်ပွဲတွင် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

" ဒီအစီအစဉ်ကတော့ အရင်ကတည်းက ရှိခဲ့တဲ့အစဉ်အလာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ အရင်အစဉ်အလာတိုင်းပဲ အခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြတဲ့ ရုပ်ရှင်လောကသားတွေရဲ့ သားသမီးတွေကို ဂုဏ်ပြုဆုတွေ ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဂုဏ်ထူးတွေနဲ့ အောင်မြင်ခဲ့တဲ့သူတွေကိုလဲ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးသွားမှာပါ။ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအတွက် သရုပ်ဆောင် လှမျိုးသဥ္ဇာနွယ်မိသားစုကနေ အလှူငွေကျပ် ငါးသိန်း လာရောက်ပေးအပ် လှူဒါန်းသွားပါတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ASH

# YeU Township cultivates over 6,000 acres of rainfed paddy this year


Farmers cultivating monsoon paddy in a field.

**YeU August 13**

According to the data of YeU District Agriculture Department, local farmers have planted more than 6,000 acres of rainfed paddy in YeU Township of Sagaing Region.

In the 2025-2026 monsoon crop season, it has been planned to cultivate 81,662 acres of monsoon paddy in Ye-U Township. Cultivation began in June this year, and as of today, 6,723 acres have already been planted.

"This year, we've targeted over 80,000 acres of monsoon paddy cultivation in YeU Township. So far, over 6,000 acres have been planted. We are working to ensure the full targeted acreage is cultivated. Necessary technologies and quality seeds will be provided for monsoon paddy cultivation. Our teams are also conducting field visits to assist farmers in planting on time," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

To ensure systematic and smooth monsoon paddy cultivation this year, the respective township Department of Agriculture and local farmers are working together.

Farmers in Ye-U Township are being provided with agricultural technical assistance, pest and disease prevention awareness, guidance to avoid crop loss, and information on proper post-harvest handling—especially to ensure the harvested paddy is sheltered and stored in a timely manner.

In order to ensure successful and high-yielding monsoon paddy fields in YeU Township this year, the township agriculture department and its staff are actively conducting field-level technical support. This includes selecting and planting quality and pure seeds, preventing pest infestations, timely weeding and thinning, removing off-type plants, and properly using fertilizers in accordance with correct methods.

206

# More than 2,000 acres of groundnut planted in Myinmu Township

**Myinmu August 13**

Statistics of Sagaing District Agriculture Department stated that local farmers planted more than 2,000 acres of groundnut as monsoon crops in Myinmu Township of Sagaing Region this year.

Local authorities earmarked cultivation of 26,980 acres of groundnut in Myinmu Township in 2025-26 monsoon crop cultivation season, but local farmers planted 2,018 acres of crops against the target cultivation.

"This year, during the monsoon crop season, over 20,000 acres of groundnut cultivation have been planned for Myinmu Township. As of today, more than 2,000 acres have already been planted. Efforts are ongoing to achieve the full target acreage. As an oil crop, groundnut is performing well, and its cultivation has been improving year by year," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

In Myinmu Township, groundnut cultivation typically requires 1.5 baskets of seeds per acre. The total cost per acre—including seed expenses, labor, fertilizers, and pesticides—is over K200,000. Farmers can expect a yield of over 50 baskets per acre.


A groundnut plantation.

To ensure success in this year's groundnut cultivation in Myinmu Township, staff members from the Township Department of Agriculture are conducting field visits to monitor crop conditions, prevent pest and disease outbreaks, and keep the fields weed-free. They are also maintaining inspection records to support effective crop management.

206

# Farmers cultivate more than 17,000 acres of pigeon pea in Sagaing Township

**Sagaing August 13**

Statistics of Sagaing Township Agriculture Department mentioned that local farmers grew 17,955 acres of pigeon pea in Sagaing Township of Sagaing Region this year.

For the 2025–2026 monsoon cropping season in Sagaing Township, it is planned to cultivate 19,789 acres of pigeon pea. Planting began in May this year, and as of today, 17,955 acres have already been cultivated against the target cultivation.

"This year, during the monsoon season in Sagaing Township, we've planned to cultivate over 19,000 acres of pigeon pea. So far, more than 17,000 acres have been planted, and cultivation is still ongoing. We are working to ensure the full target acreage is achieved. Efforts are also being made to achieve high yields. Pigeon pea is being cultivated both as a standalone crop and in intercropping systems," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the township agriculture department has been providing support to pigeon pea farmers in Sagaing by promoting the use of quality pure seeds, encouraging correct planting methods, ensuring protection from pest threats, and improving yield through on-site education and awareness campaigns. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Taze Township cultivates over 10,000 acres of rainfed paddy

**Taze August 13**

More than 13,000 acres of rain-fed paddy have been planted in Taze Township, YeU District, Sagaing Region during this year rain crops planting season, according to the statistics from the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 93,347 acres of rain-fed paddy have been planned to be planted in Taze Township. The planting of rain-fed paddy has started in June this year, and 13,269 acres have been planted to date.

"We are working to ensure that the target acres are met. We will provide the necessary technology and varieties for rain-fed paddy cultivation. We are conducting field visits to help farmers plant rain-fed padday on time," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

This year, the relevant township agriculture department and farmers are working together to ensure that rain-fed paddy cultivation is carried out without any difficulties and is carried out systematically.

In Taze Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested rice under shelter. 206


A monsoon paddy plantation in Taze Township.

# Zalun Township supplies 65,000 baskets of 90-day paddy variety to Yangon


A warehouse stockpiled with bags of rice.

**Zalun August 13**

Local businesspersons from Zalun Township of Ayeyawady Region sent 65,000 baskets of 90-day paddy variety to Yangon market in June, said Daw Win Win Shwe, the owner of rice and paddy trading depot in Zalun Township.

It is reported that during the month of May, up to 45,000 baskets of the 90-day paddy variety were exported and sold from Zalun Township to the Yangon market. In June, that number increased to 65,000 baskets. This particular variety of paddy is classified under the non-premium rice category.

“In the past month, a large volume of 90-day paddy was shipped and sold to the Yangon market. Most of the agricultural products from Zalun Township are exported to Yangon. This 90-day variety belongs to the rough rice category. Because of the strong demand from Yangon buyers, the volume of exports has increased. Paddy prices are currently still high. Yangon traders are also making active connections to buy large quantities of this variety in the current month. Compared to other varieties, this 90-day paddy has been traded more, both in the past month and in the current market. It is being transported and sold via both land and water routes without any issues,” said Daw Win Win Shwe.

It is also reported that in the past month, the market price for 100 baskets of 90-day paddy reached up to K1.515 million. As a result of the improved trade in this paddy variety, farmers, merchants, transporters, and truck rental service providers have been able to gain employment and business opportunities.

Kyaw Kyaw Lin

# Straw mushroom marketable in Kyonpyaw Township

**Kyonpyaw August 13**

Trading of straw mushroom is booming in Kyonpyaw Township of Ayeyawady Region, said Daw Ni Ni Win, the owner of green grocery trading commodity in Kyonpyaw Township.

In Kyonpyaw Township, it is reported that local cultivation and trade of straw mushrooms has been going well since the second week of July this year. These straw mushrooms are currently being traded at daily volumes ranging from 1,500 viss to 2,500 viss.

“The type of mushrooms being traded now are mostly grown using paper waste and rice straw. It's the time when mushrooms grown by farmers are starting to sprout. As the mushrooms are now producing and the market is good, both the farmers and farm workers are benefiting. The good price this year is partly due to fewer growers compared to last year and also because the demand is coming not only from local markets but also from the Yangon market,” said Daw Ni Ni Win.

In Kyonpyaw Township, farmers cultivate straw mushrooms alongside their paddy farming, and some also grow seasonal crops. Each farmer is growing mushrooms on areas ranging from one to five acres, and the market price has reached up to K21,500 per viss.

Kyaw Kyaw Lin


Various kinds of edible mushrooms.

# More than 1,000 acres of rainfed paddy planted in Dabayin Township this year

**Dabayin August 13**

According to YeU District Agriculture Department, local farmers have planted more than 1,000 acres of rainfed paddy in Dabayin Township of Sagaing Region.

For the 2025-2026 monsoon cropping season, local authorities earmarked cultivation of 120,391 acres of rainfed paddy in Dabayin Township. According to reports, planting began in June this year, and as of today, 1,698 acres have already been cultivated against the target cultivation.

"This year, for the monsoon season in Dabayin Township, we have planned to cultivate over 120,000 acres of rainfed paddy. So far, over 1,000 acres have been completed. We are working to ensure the target acreage is fully cultivated. Necessary technologies and quality seed varieties will be provided for rainfed paddy cultivation. We are also conducting field-level support to help farmers plant in time," said U Zaw Myint Tun, Head of the Agricultural Department for Ye-U District.

It is also reported that for this year's monsoon season, efforts are being made by the relevant township agriculture departments in collaboration with local farmers to ensure systematic and trouble-free cultivation of rainfed paddy.

In Dabayin Township, farmers are being provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and information to ensure harvested paddy is stored under shelter in a timely manner.

This year, staff from Township Agriculture Department make field trips to the paddy fields so as to help local famers select quality strains of paddy seeds, prevent pests, week farmlands, remove different strains of paddy and systematically use fertilizers to boost per-acre yield.

206

# Indonesia to nearly double 2026 budget for free nutritious meal program

**Jakarta August 13**

The Indonesian government will almost double the budget for President Prabowo Subianto's flagship free nutritious meal program in 2026 to over 300 trillion rupiahs (about 18.52 billion U.S. dollars), aiming to reach 82.9 million beneficiaries, Finance Minister Sri Mulyani Indrawati said here on Wednesday.

Mulyani noted that the government has allocated 171 trillion rupiahs (about 10.56 billion U.S. dollars) for the program this year.

"Next year, if 82.9 million people receive the benefits, the budget will be more than 300 trillion rupiahs," she said on the sidelines of a national sharia economic discussion.

The program is expected to improve the intelligence and health of beneficiaries, while also serving as an economic stimulus to spur business activities.

"The state budget is an instrument for all of us, and we will continue to use it to achieve the goals we want," she said.

Beyond its nutritional and health impacts, the program also strengthens economic resilience by reducing household expenditures, creating millions of jobs, and stabilizing food prices through direct purchases from smallholder farmers.

Xinhua

# Feature: Relentless hardships erode hopes of displaced Gazans for peace


**Gaza August 13**

Under the scorching summer sun in the al-Rimal neighborhood of Gaza City, 52-year-old Waheed Ismail Baroud stood amidst a bustling marketplace, searching through stalls laden with items beyond his means.

Baroud, originally from northern Gaza, has been displaced for months after his home was destroyed in the ongoing conflict between Israel and Hamas.

"Our life here is harder than anything I have read about in modern history," Baroud told Xinhua. "We live with no money, no food security, no safety. The neighborhoods are cut off from each other, houses are gone, and every day from sunrise to sunset we chase after the basics, such as food and water."

Although he noticed that prices have recently decreased as more goods enter Gaza, the real challenge, he said, is the lack of cash. "As the saying goes, 'A camel for a penny, but who has a penny?' Prices may seem more reasonable, but we simply don't have the money to buy," he lamented. Xinhua


Tents for displaced Palestinians are seen near a beach in Gaza City, on Aug. 10, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက အယ်လ်ဂျီးရီးယားနိုင်ငံအတွက် Sukhoi Su-34M စူပါဆောနစ်တိုက်လေယာဉ်များ စတင်ထုတ်လုပ်နေ



ရုရှားနိုင်ငံသည် အယ်လ်ဂျီးရီးယားနိုင်ငံအတွက် Sukhoi Su-34M စူပါဆောနစ်တိုက်လေယာဉ်များ စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အယ်လ်ဂျီးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ရုရှားနိုင်ငံနှင့် Su-34ME တိုက်လေယာဉ် ၁၄ စီး၊ Su-57E ၁၄ စီး၊ Su-35E ၁၄ စီးတို့ကို ဝယ်ယူရေးစာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၂၅ ခုနှစ်ကုန်အတွင်း စတင်လွှဲပြောင်းပေးပို့ရန် စီစဉ်ထားသည်ဟုသိရသည်။ ဤအချက်သည် အယ်လ်ဂျီးရီးယားနိုင်ငံကရုရှားနိုင်ငံထုတ် Su-34M တိုက်လေယာဉ်များကို လက်ခံရရှိမည့် အပေါ် ပိုမိုအားဖြည့်ပေးနိုင်ခဲ့သည်။

ရုရှားနိုင်ငံထုတ် Su-34M တိုက်လေယာဉ်သည် အယ်လ်ဂျီးရီးယားနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက အသုံးပြုနေသည့် Su-24M တိုက်လေယာဉ်များနေရာတွင် အစားထိုးရန် မျှော်မှန်းထားခြင်းဖြစ်သည်။ ဤတိုက်လေယာဉ် အရောင်းအဝယ်စာချုပ်သည် အယ်လ်ဂျီးရီးယားနိုင်ငံကို Su-34M ဝယ်ယူအသုံးပြုသည့်ပထမဦးဆုံး ပြည်ပနိုင်ငံဖြစ်လာစေမည်ဖြစ်ကာ အာဖရိကတွင် လေကြောင်းစွမ်းအား အကြီးမားဆုံးသော လေတပ်အဖြစ် ၎င်း၏ အဆင့်အတန်းကို ခိုင်မာစေမည့်အပြင် ရုရှားနိုင်ငံ၏ ကာကွယ်ရေး၊ စစ်ဘက်ဆိုင်ရာဆက်ဆံရေးများတွင် သြဇာသက်ရောက်မှု တိုးတက်လာသည်ကိုလည်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

ထို့ပြင် Business Insider Africa သတင်းဌာနက ဆက်လက်ဖော်ပြထားသည်မှာ လေ့လာအကဲခတ်သူများ အဆိုအရ အယ်လ်ဂျီးရီးယားနိုင်ငံအတွက် Su-34M တိုက်လေယာဉ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၀ သန်းအောက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခဲ့ခြင်းဖြစ်ကာ နိုင်ငံ၏လေကြောင်းတိုက်ခိုက်ရေးနှင့် ဗုံးကြဲလေယာဉ်စွမ်းအားများ တိုးတက်စေမည်ဖြစ်ကြောင်းသိရသည်။

လေထဲတွင် အချိန်ကြာကြာ ပျံသန်းနိုင်မှုနှင့်တပ်ဆင်နိုင်သည့် ဒုံးကျည်များ၏ တိုက်ခိုက်နိုင်မှုအကွာအဝေးကြောင့် Su-34M တိုက်လေယာဉ်သည် အယ်လ်ဂျီးရီးယားကိုမြောက်အာဖရိကထက်ကျော်လွန်၍ ပါရှန်းပင်လယ်ကွေ့ သို့မဟုတ် ဥရောပအလယ်ပိုင်းနေရာများရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိလာစေမည်ဖြစ်သည်။

ရုရှားနိုင်ငံထုတ် Sukhoi Su-34M စူပါဆောနစ်တိုက်လေယာဉ်သည် နှစ်လုံးထိုးအင်ဂျင်ပါဝင်သော နှစ်ယောက်စီးလေယာဉ်ဖြစ်ပြီး ခေတ်ဟောင်း Su-27 Flanker တိုက်လေယာဉ်အမျိုးအစားများမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ တိုက်လေယာဉ်ဟုဆိုသော်လည်း ဗုံးကြဲတိုက်လေယာဉ်ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ Saturn AL-31FM1 အင်ဂျင်နှစ်လုံးဖြင့် မောင်းနှင်ပြီးတစ်နာရီလျှင် အမြန်နှုန်း ၂၂၃ ကီလိုမီတာ၊ ၁၃၈၁ မိုင်၊ တိုက်ပွဲဝင်နိုင်သည့်အကွာအဝေး ကီလိုမီတာ ၄၅၀၀၊ အမြင့်ပေ ၁၇၀၀၀ မီတာထိ ပျံသန်းစစ်ဆင်နိုင်သည်။ ၎င်းတွင် အဆင့်မြင့် အီလက်ထရွန်နစ်စနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ၊ မီလီမီတာ ၃၀ အလိုအလျောက်ပစ်စက်အမြောက်၊ ဒုံးကျည်အမျိုးမျိုးနှင့်ပဲ့ထိန်းပါ၊ ပဲ့ထိန်းမဲ့ဗုံးများ သယ်ဆောင်တိုက်ပွဲဝင် နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Algeria Poised to Receive Russia's Su-34M Fighter Jets** ကို ဘာသာပြန်ဆိုထားပါသည်။

## Kratos ကုမ္ပဏီ၏ XQ-58 Valkyrie UCAV ထုတ်လုပ်မှုက အမေရိကန်ရေတပ်၏ စီမံကိန်းတစ်ခုအဖြစ်တရားဝင်သတ်မှတ်ခံရ

ကာကွယ်ရေးပစ္စည်း ထုတ်လုပ်သော Kratos ကုမ္ပဏီသည် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုတွင်အရေးပါသောအဆင့်တစ်ခုသို့ ရောက်ရှိလာခဲ့ပြီး ၎င်း၏ XQ-58 Valkyrie UCAV မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကိုအမေရိကန်ရေတပ် (USMC) ၏ စီမံကိန်းတစ်ခုအဖြစ် တရားဝင်သတ်မှတ်ခံရကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

XQ-58A Valkyrie သည် Kratos Defense & Security Solutions မှ လေတပ်သုတေသနဓာတ်ခွဲခန်း (AFRL)နှင့် ပူးပေါင်း၍ ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည်မြင့်မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းဖြစ်သည်။ မြင့်မားသော အမြန်နှုန်း၊ လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနိုင်စွမ်းနှင့် ပြောင်းလွယ်ပြင်လွယ်ရှိစွာစစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် ဒီဇိုင်းထုတ်ထားပြီး လေယာဉ်ပြေးလမ်းမလိုဘဲ လုပ်ဆောင်နိုင်သဖြင့် ရန်သူခြိမ်းခြောက်မှုရှိသော ပတ်ဝန်းကျင်များတွင် တပ်ဖြန့်ချထားနိုင်သည်။ Attritionable (ဆုံးရှုံးမှုကိုခံနိုင်ရည်ရှိခြင်း) လေယာဉ်အမျိုးအစားအောက်တွင် ပါဝင်ပြီး၊ ဆိုလိုသည်မှာ တိုက်ခိုက်ရေးတွင် ဆုံးရှုံးမှုကို ခံနိုင်ရည်ရှိလောက်အောင် ထုတ်လုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှုစရိတ်များ သက်သာစွာဖြင့် အရေးကြီးသော တာဝန်များကိုဆောင်ရွက်နိုင်စေရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် ပေ့ါပါးသွက်လက်မှု၊ ထိန်းချုပ်နိုင်မှုနှင့် ကြံ့ခိုင်ပြုပြင်ထိန်းသိမ်းမှုလွယ်ကူခြင်းတို့ကို ပေါင်းစပ်ထားပြီး အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ထောက်လှမ်းရေးနှင့်ဆက်သွယ်ရေးကြားခံစနစ်စသည့် အခန်းကဏ္ဍမျိုးစုံအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

အမေရိကန်ရေတပ်သည် XQ-58 Valkyrie မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှင့် စမ်းသပ်ပျံသန်းမှုများစွာပြုလုပ်ခဲ့ပြီး Lockheed Martin ကုမ္ပဏီထုတ် F-35B stealth တိုက်လေယာဉ်များနှင့် တွဲဖက်၍ အီလက် ထရွန်နစ်တိုက်ခိုက်မှုနှင့် ရန်သူ၏ လေကြောင်းကာကွယ်ရေးကို ဦးနှိမ်ဖိဖျက်ခြင်းတို့လုပ်ဆောင်နိုင်ခဲ့သည်။ အမေရိကန်ပိုင် သတင်းမီဒီယာများက Valkyrie ကို ဝယ်ယူရန် ဆုံးဖြတ်ချက်ကို ဇူလိုင်လတွင် ကျင်းပခဲ့သော ဒရုန်းပြပွဲတစ်ခုအတွင်း ပင်တဂွန်စစ်ဌာနချုပ်မှ အရာရှိကြီးများက အတည်ပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။ Kratos ကုမ္ပဏီ CEO ဖြစ်သူ DeMarco က ထုတ်လုပ်မှုစာချုပ်များ ချုပ်ဆိုလာပါက Kratos ၏ နည်းဗျူဟာမြောက်ဒရုန်းလုပ်ငန်းအပေါ် ဘဏ္ဍာရေးပိုင်းတွင် သက်ရောက်မှုရှိနိုင်ကြောင်း ပြောကြားခဲ့ပြီး ကုမ္ပဏီသည် လိုအပ်ချက်များကို ကြိုတင်ခန့်မှန်း၍ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် ၂၄ စင်းကို စတင်ထုတ်လုပ်ထားပြီးဖြစ်ရာလာမည့် ၂၀၂၆ ခုနှစ်တွင် ၁၅ စင်းထိ လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားထားသည်။



တစ်ချိန်တည်းမှာပင် Kratos ကုမ္ပဏီသည် Airbus ကုမ္ပဏီနှင့်ပူးပေါင်း၍ လာမည့် ၂၀၂၉ ခုနှစ်တွင် ဂျာမန်လေတပ်အတွက် Valkyrie မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များ တင်ပို့ရောင်းချပေးနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိသည်။ အနာဂတ်မှာ ယူမှုများကို မျှော်မှန်း၍ ကုမ္ပဏီသည် Valkyrie နောက်ထပ် ၂၄ စင်းအတွက် လိုအပ်သော အစိတ်အပိုင်းများကိုစတင်ဝယ်ယူထားပြီးဖြစ်ရာ စုစုပေါင်းထုတ်လုပ်မှုသည် ၄၈ စင်းထိ ရောက်ရှိလာနိုင်သည်။

Kratosသည် XQ-58 Valkyrie မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို အမေရိကန်ရေတပ်၏ လက်နက်စာရင်းထဲသို့ ထည့်သွင်းနိုင်မည့်အရေးကြီးသော အဆင့်တွင် ရောက်ရှိနေပြီး နိုင်ငံတကာအခွင့်အလမ်းများကိုလည်း ရှာဖွေနေကြောင်းအနှစ်ချုပ်သုံးသပ်နိုင်သည်။ ၎င်း၏ မဟာဗျူဟာသည် စောစီးစွာထုတ်လုပ်ခြင်း၊ အမျိုးစုံစွာ ထုတ်လုပ်ခြင်းနှင့် ပူးပေါင်းတိုက်ခိုက်ရေးဒရုန်းများ ၏ဖြစ်ပေါ်လာနေသော နယ်ပယ်တွင် ထွန်းသစ်စကုမ္ပဏီတစ်ခုအဖြစ် ဈေးကွက်များစွာတွင် နေရာယူခြင်းတို့ကို ပေါင်းစပ်ကြိုးပမ်းနေခြင်းဖြစ် ကြောင်းသိရသည်။

**Why XQ-58 Could Redefine Unmanned Warfare in the US Marine Corps by 2026.** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၂၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲစင်းငုံ ၆၂၂၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ကျောင်းကုန်း ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ဩဂုတ်လပထမပတ်မှ စတင်၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းလာပါတယ်။ လက်ရှိဒေသမှာ မိုးသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ ကြက်ဟင်းခါးသီးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာ တွေ့ရပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မြဝတီမြို့နယ် သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ ဩဂုတ် ၁၃

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ မှန်ကန်စွာ ဖြည့်သွင်းထားခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသူရလွင်က စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သက္ကာရကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၄ ဒသမ ၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ် ဆောင်ရွက်လျက်ရှိကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။

ကိုသက်


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# အုတ်တွင်းမြို့နယ် ဒေါင်းသိုက်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



အုတ်တွင်း ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သံဘိုကျေးရွာအုပ်စု ဒေါင်းသိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းမူဘောင်များ၊ ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ထမ်းဆောင်ရမည့်တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဒေါင်းသိုက်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူကျေးရွာသားကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

ချိုလေး

စာအုပ်စာပေလှူမိတ်ဆွေ

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅)ကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် “အရိန္ဒမာ” ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ဇွန် ၁၄ ရက်တွင် ပထမအကြိမ်၊ ဇူလိုင် ၁၃ ရက်တွင် ဒုတိယအကြိမ် ကြိုတင်ကျင်းပ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”ကို ဇူလိုင် ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီကို အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယနေ့တွင် ဗဟိုကော်မတီအစည်းအဝေးအား ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ထိပါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို အဆင့်အဆင့်ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် “လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး” စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူက ဇူလိုင် ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”ကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သက်နိုင်က အထွေထွေရွေးကောက်ပွဲ ကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် လျာထားအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုံခြုံရေးအစီအမံများအား ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တို့က ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်ရှိ ချောင်းဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး





ကလော ဩဂုတ် ၁၃

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကလောမြို့ ကလောချောင်း မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လူကူးကြိုးတံတား ဆောက်လုပ်မည့်နေရာနှင့် ကလောဘူတာရုံ ပြုပြင်ဆောင်ရွက်နေမှု၊ ကလောချောင်းတစ်လျှောက် သဲနုန်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကလောမြို့ သန့်ရှင်းသာယာလှပရေး၊ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်နှင့် မြို့နေပြည်သူလူထု ပူးပေါင်းပါဝင်ရေး စည်းရုံးဆောင်ရွက်ကြရန်မှာကြားပြီး အောင်ပန်းမြို့ အ.မ.က(၈) တွင် AHA Center ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အာဆီယံက လှူဒါန်းထားသော Prefabricated ကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ် အ.ထ.ကခွဲ(ကေလာ)၌ ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့် အင်းလေးဖောင်တော်ဦးဘုရား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အလှူငွေများ ပေးအပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပြင်ဦးလွင်မြို့နယ် ဦးစီးမှူးရုံး၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ စုပေါင်းရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြင်ဦးလွင်မြို့နယ် ဦးစီးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ လဲလှယ်နှင့် မိတ္တူလျှောက်ထားသူ ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အချက်အလက်များအား ရုံးချုပ်ရှိ e-ID Sever ရှိအချက်အလက်များနှင့် တိုက်ဆိုင်စိစစ် ပြင်ဆင်ဖြည့်စွက်ကာ မဲစာရင်းကန်မှန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ကျဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများအနက် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ လက်ရှိယာယီတဲများဖြင့် နေထိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး Container House ၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လေဆိပ်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေ၊ လေဆိပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး၊ လေဆိပ်ရုံးခန်းများ ပြန်လည်ပြင်ဆင်ပြီးပါက လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေးမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကိုသင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၂၆၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၀၈၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၈၃ ဦးကို သွေးအမျိုးအစားစစ်ဆေးပေး၍ အမျိုးသား တစ်ဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၆ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ တောင်ရပ်ကွက် ဟော်တော်ဘုန်းကြီးကျောင်းဝင်းအနီး လမ်းဘေးဝဲယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံစဉ်။



နောင်ချိုမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ တောင်ရပ်ကွက် ဟော်တော်ဘုန်းကြီးကျောင်းဝင်းအနီး လမ်းဘေးဝဲယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်)အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာကျောင်းများအားလုံး ကျန်းမာရေးအဆင့်မြှင့်ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေးကို ဒေသအလိုက်၊ ကျောင်းအလိုက် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိဘ၊ ဆရာများနှင့်ပူးပေါင်းပြီး အတတ်နိုင်ဆုံးဝိုင်းဝန်း အကောင်အထည်ဖော်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုပညာသင်နှစ်ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းများအဖြစ် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ကျောင်းများမဖွင့်မီခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ ခြောက်ပတ်တစ်ကြိမ် ပိုးလောက်လမ်းသေဆေး(အဘိတ်)ခတ်ခြင်း၊ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး အသိပညာပေးပြောကြားခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းများနှင့်ကျောင်းမုန့်ဈေးတန်းများ ကျန်းမာရေးနှင့်ညီညွတ်စေရေးလုပ်ငန်းများကို ပညာရေးနှင့် ကျန်းမာရေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "လူငယ်များဗလငါးတန်ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့" ဆိုသည့်အတိုင်း နိုင်ငံ၏အရေးကြီးသည့်လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်မည့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်း အပါအဝင် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှုဗီဒီယိုကို ပြသပြီး တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှုများဆောင်ရွက်နေသည့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း (ဇမ္ဗူသီရိမြို့နယ်)သို့ သွားရောက်၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများဖြစ်သည့် ပဏာမမျက်စိကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ်များကို အသုံးပြုပြီး အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးကုသမှုပေးခြင်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ပိုးလောက်လမ်းကင်းစင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများက အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများက အစာအုပ်စု သုံးအုပ်စုနှင့်ပတ်သက်၍ အာဟာရပညာပေးခြင်း၊ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးမှုဆောင်ရွက်ခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**⚐ အသိပေးသတင်းထုတ်ပြန်ခြင်းမှ**

ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုတွင် အစိုးရရုံး၊ အဆောက်အအုံ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုက အများဆုံးဖြစ်၍ လူနေအိမ်၊ အဆောက်အအုံများ ပျက်စီးမှုက ဒုတိယအများဆုံး၊ ဘာသာရေးအဆောက်အအုံများပျက်စီးမှုက တတိယအများဆုံးဖြစ်သည်။

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိရာ ငလျင်ဘေးစတင်ဖြစ်ပွားသည်မှ ၁၁-၈-၂၀၂၅ရက်ထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ငွေကျပ် ၄၂ ဒသမ ၀၉၄ ဘီလီယံကျော်၊ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ငွေကျပ် ၄ ဒသမ ၇၃၃ ဘီလီယံကျော်၊ ဒဏ်ရာရသူများအတွက် ငွေကျပ် သုည ဒသမ ၁၇၅ ဘီလီယံ၊ နေအိမ်များ ပြန်လည်တည်ဆောက်ရန် ငွေကျပ် ၁၆၀၅ ဒသမ ၅၇၁ ဘီလီယံကျော် စုစုပေါင်းငွေကျပ် ၁၆၅၂ ဒသမ ၅၇၃ ဘီလီယံကျော်ကို ထောက်ပံ့ထားရှိသည့်အပြင် ရှေးဦးပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၃၄၀ ကျော်ကို သုံးစွဲပြီးဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲထောက်ပံ့ပြီးဖြစ်သည်။

၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | ကဏ္ဍ | ပျက်စီးဆုံးရှုံးမှု(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | **လူမှုရေးကဏ္ဍ** | | |
| | လူနေအိမ်/အဆောက်အအုံ | ၂,၃၂၁,၄၉၄.၈၅၁ | ၂၉.၀၉၃ |
| | ပုဂ္ဂလိကယာဉ် | ၁၉,၀၁၇.၉၄၀ | ၀.၂၃၈ |
| | ပညာရေး | ၅၂၂,၄၆၂.၀၀၀ | ၆.၅၄၇ |
| | ကျန်းမာရေး | ၁၆၆,၆၆၆.၈၇၃ | ၂.၀၈၉ |
| | ဘာသာရေး | ၆၆၁,၄၀၁.၉၀၅ | ၈.၂၈၉ |
| | ယဉ်ကျေးမှု | ၅၀,၃၈၇.၅၀၈ | ၀.၆၃၁ |
| | **စုစုပေါင်း** | **၃,၇၄၁,၄၃၀.၀၇၇** | **၄၆.၈၈၇** |
| ၂ | **ထုတ်လုပ်မှုကဏ္ဍ** | | |
| | သီးနှံ | ၂၄၈.၈၇၅ | ၀.၀၀၃ |
| | တိရစ္ဆာန် | ၂,၁၃၃.၅၆၅ | ၀.၀၂၇ |
| | ဆည်မြောင်း၊ တာတမံ၊ ရေအရင်းအမြစ် | ၈၉,၃၄၄.၆၉၁ | ၁.၁၂၀ |
| | စက်ရုံ/အလုပ်ရုံ/လုပ်ငန်း | ၁၈၆,၆၃၉.၄၇၅ | ၂.၃၃၉ |
| | စီးပွားရေးလုပ်ငန်း | ၆၃၄,၄၀၀.၄၈၈ | ၇.၉၅၀ |
| | **စုစုပေါင်း** | **၉၁၂,၇၆၇.၀၉၄** | **၁၁.၄၃၉** |
| ၃ | **အခြေခံအဆောက်အအုံကဏ္ဍ** | | |
| | လျှပ်စစ် | ၁၅၃,၉၀၂.၁၁၀ | ၁.၉၂၉ |
| | ပို့ဆောင်ရေး(လမ်း/တံတား/ရထားလမ်း) | ၂၅၇,၅၁၄.၅၉၆ | ၃.၂၂၇ |
| | ဆက်သွယ်ရေး | ၁၀,၁၅၁.၁၃၇ | ၀.၁၂၇ |
| | စွမ်းအင် | ၃၄၃.၂၇၀ | ၀.၀၀၅ |
| | **စုစုပေါင်း** | **၄၂၁,၉၁၁.၁၁၃** | **၅.၂၈၈** |
| ၄ | **အစိုးရဌာနဆိုင်ရာ** | | |
| | ရုံး၊ အဆောက်အအုံ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာ | ၂,၉၀၃,၄၁၅.၆၇၂ | ၃၆.၃၈၆ |
| | **စုစုပေါင်း** | **၂,၉၀၃,၄၁၅.၆၇၂** | **၃၆.၃၈၆** |
| **စုစုပေါင်းပျက်စီးဆုံးရှုံးမှု** | | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

ငလျင်ကြောင့် ရုံးများ၊ အခြေခံပညာကျောင်းများ၊ဝန်ထမ်းအိမ်ရာများပျက်စီးခဲ့ရာ ဝန်ထမ်းများ နေထိုင်နိုင်ရေးနှင့် ရုံးများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယာယီကွန်တိန်နာရုံး ၄၄၂ လုံး၊ ယာယီကွန်တိန်နာအိမ် ၉၀၄၈ လုံး၊ ယာယီ Prefabricated စာသင်ကျောင်းဆောင် ၂၀ ကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲဆောင်ရွက်ပေးထားပြီး ဖြစ်သည့်အပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယာယီနေအိမ်၂၉၇၂ခန်း ဆောက်လုပ်ခဲ့ပြီး ၁၂၇ ခန်း ဆောက်လုပ်ဆဲဖြစ်ကာ ယာယီစာသင်ဆောင် ၅၇ ဆောင်ဆောက်လုပ်ခဲ့ပြီး ခုနစ်ဆောင်ဆောက်လုပ်ဆဲဖြစ်သည်။


၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပျက်စီးဆုံးရှုံးမှု (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ၃,၅၀၇,၂၇၀.၅၁၂ | ၄၃.၉၅၃ |
| ၂ | ကယားပြည်နယ် | ၆၉.၂၉၂ | ၀.၀၀၁ |
| ၃ | ကရင်ပြည်နယ် | ၂,၂၄၉.၆၉၃ | ၀.၀၂၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၆၅,၉၅၅.၄၅၂ | ၇.၀၉၃ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၃၈,၄၃၅.၂၉၇ | ၁.၇၃၅ |
| ၆ | မကွေးတိုင်းဒေသကြီး | ၅၉၁.၈၃၉ | ၀.၀၀၇ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၃,၆၃၁,၆၃၁.၆၉၆ | ၄၅.၅၁၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၈.၄၁၀ | ၀.၀၀၅ |
| ၉ | ရှမ်းပြည်နယ် | ၁၃၂,၉၃၅.၂၆၅ | ၁.၆၆၆ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၇.၅၀၀ | ၀.၀၀၀ |
| **စုစုပေါင်း** | | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများ အားလုံးကို ကျောင်းဖွင့်ချိန်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးရုံ၊ ဆေးခန်းများကိုလည်း ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ လမ်းပျက်စီးမှု၏ ၉၄ ဒသမ ၄၃ ရာခိုင်နှုန်း၊တံတားပျက်စီးမှု၏၃၈ ဒသမ ၈၃ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၉၆ ဒသမ ၃၉ ရာခိုင်နှုန်းပြုပြင်ပြီးဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအနေဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသား**
**သဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

# အမှန်တကယ်လိုအပ်နေသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီ ဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေး မှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael Dun-ford အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှန်တကယ်လိုအပ်နေ သူများထံ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကိစ္စရပ်များ၊ သဘာဝဘေးပြန်လည် ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးကိစ္စရပ်များအပေါ်အမြင် ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်နိုင်ရေး အုပ်ချုပ်မှု ပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ နိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း နှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထိုင်း နိုင်ငံ၌ကျင်းပမည့် ၃၃ ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲအောင်နိုင် ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ လေ့ကျင့်မှုကို အထောက်အကူပြုမည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ ကြရန်နှင့် မြန်မာအသင်းဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်မြို့နှင့် နေပြည်တော် တို့တွင် အားကစားနည်းများအလိုက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစား အဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ လေ့ကျင့်ဆောင် ရွက်နေမှု၊ စံချိန်၊ စံညွှန်းတိုးတက်မှု၊ လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်း လိုအပ်မှု၊ ပြိုင်ပွဲဝင် ဝတ်စုံများနှင့် အထောက်အကူပြုပစ္စည်းများ အချိန်မီ ရရှိစေရေးဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ် ထောက်ပံ့မှုဆိုင်ရာ၊ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက် ထားရှိမှုများကိုတင်ပြကြရန် ပြောကြား သည်။

ထို့နောက် တက်ရောက်လာကြသူ များက ယခင်လအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုနှင့် ဆက်လက်ဆောင်ရွက်နေဆဲ လုပ်ငန်းများ၊ လာမည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေး အတွက် ကဏ္ဍအလိုက်ဆောင်ရွက်နေမှု များကိုတင်ပြကြပြီး ဒုတိယဝန်ကြီးများက အားကစားအဖွဲ့ချုပ်များ၊ အားကစားပိုင်း ဆိုင်ရာနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ဆွေးနွေး ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ စနစ်တကျဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေး၊လုပ်ငန်း များ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ် နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd.ကတင်သွင်း လာသော တရုတ်နိုင်ငံထုတ်Leapmotor C11(Standard)အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Premier Automo-tive Co.,Ltd.က တင်သွင်းလာသော တရုတ် နိုင်ငံထုတ်Geely Geometry E အမျိုး အစား လျှပ်စစ်သုံးမော်တော်ယာဉ်များ နှင့် G-Energy Plus Myanmar Co.,Ltd. ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus)SKY EV 01 အမျိုး အစား လျှပ်စစ်သုံးမော်တော်ယာဉ်များ သည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာ သဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)




# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန် သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ ရသော တိုင်းဒေသကြီး၊ပြည်နယ်ခြောက်ခု တို့တွင် ဩဂုတ် ၁၃ ရက် ထိ သေဆုံးသူ ၃၇၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦး နှင့် ပျောက်ဆုံးသူ ၃၅ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ဆောင်ရွက်ပေးလျက် ရှိပြီးအဆောက်အအုံများအတွင်း ပိတ်မိ နေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်း မှုများအတွက် ဆက်လက်သတင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၃ - ၈ -၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည်(လွန်ကျော်) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



မန္တလေး ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမတွင်ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးရိုးရာခြင်းလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကိုအစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာခြင်းခတ်ပညာအားကစားကိုမြတ်နိုးတန်ဖိုးထားတတ်စေရန်၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာ ခြင်းလုံးလက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းမတိမ်ကောမပပျောက်အောင်ထိန်းသိမ်းတတ်စေရန် စသည့်ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦးပံ့ပိုးခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ် ခိုင်မာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်းနှင့် တာဝန်ယူတတ်ခြင်းစသည့် အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်သည့်အပြင် လက်လှမ်းမီပြီး လွယ်ကူစွာကစားနိုင်သည့် အားကစားနည်းလည်းဖြစ်ပါကြောင်းဖြင့်ပြောကြားပြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို လိုက်လံနှုတ်ဆက်အားပေး၍ အားကစားပစ္စည်းများထောက်ပံ့ပေးအပ်ပြီး ပွဲဦးထွက် မဟာအောင်မြေခရိုင်အသင်း ယှဉ်ပြိုင်ခတ်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်




## သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်ပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊ မိသားစုဝင်များကို စားသောက်ဖွယ်ရာများပေးအပ်



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်သည်၊ မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မြိတ် လေတပ်စခန်းဌာနချုပ် ရွှာဟော့လူခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အိမ်ရာမှ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း ဆောင်ရွက်ပေးမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် လားရှိုးခရိုင် စီမံခန့်ခွဲမှုအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလက်စွဲများ ပြင်ဆင်ထားရှိမှု အခြေအနေများ၊ မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံများ၊ မဲပေးစက် တပ်ဆင်နေရာချထားခြင်းနှင့် မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲပေးစက်မှမဲရလဒ်များ ထုတ်ယူရေတွက်ပုံအဆင့်ဆင့်များ၊ မဲပေးစက် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများနှင့် လုံခြုံစိတ်ချရမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ **မိုးသည်းထန်စွာရွာသွန်းခြင်းမှ**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၆-၈-၂၀၂၅ ရက်နေ့မှ ၁၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၃**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသား၊ အမျိုးသမီး ၁၀ သင်းတို့ဖြင့် ဩဂုတ် ၁၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံခြင်းနှင့် ငါးနှစ်ထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခြင်း ပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၃**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံခြင်းနှင့် ငါးနှစ်ထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်မြေခံ တပ်မတော်ဆေးရုံမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မန္တလေးတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေးငယ် ၃၂၅ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး ထိုးနှံခြင်းများကိုလည်းကောင်း၊ ငါးနှစ်ထိ ကလေးငယ် ၈၅ ဦးတို့ကို ပိုလီယိုကာကွယ်ဆေးနှင့် ဗီတာမင်ဆေးတိုက်ကျွေးခြင်းများကိုလည်းကောင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မွေးကင်းစမှ အသက် တစ်နှစ် ခြောက်လထိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံခြင်းနှင့် ငါးနှစ်ထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခြင်း ပြုလုပ်စဉ်။

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မှော်ဘီမြို့နယ် ကြက်ဖြူကန်ကျေးရွာ ကြက်ဖြူကန်ကား မှတ်တိုင်အနီးတွင် အောင်ပြည့်ဖြိုးကျော် (ခ)အောင်အောင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြား လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၄၀) ကို ဖမ်းဆီးရမိ ခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် သတင်းအရ မြိတ်မြို့ ရေပုန်း ရပ်ကွက် အထက်ရေပုန်းရပ် စပါးရွှေဝါ လမ်းမပေါ်တွင် ထက်လှိုင်မြင့်(ခ)ကိုထက် မောင်းနှင်လာသောဆိုင်ကယ်ကို စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၈ ဒသမ ၅ သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ည ၆ နာရီခွဲတွင် သတင်းအရ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် အုန်းတော လမ်းရှိ မတင်တင်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်း အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅၅ သိန်း) ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ပေါ်ပေါက်ချက် အရ ည ၇ နာရီခွဲတွင် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက် ကမ်းနားလမ်းတွင် စိတ်ကြွ ရူးသွပ်ဆေးပြားများကို ရောင်းချရန် ဝယ်ယူထားရှိသူ ကျော်သီဟ(ခ)စိန်ကြီး အား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**





## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

☆ ကျောဖုံးမှအဆက်

လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံး ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၅၅၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀ ကို လည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင် ကျေးရွာအနီး၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန် ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Nissan Condor Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကို လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် ထီးပိုးကလို့ကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၉၂၃၅၆၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Isuzu Giga Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၁၈၇၈၅၆၀ ကို ဖမ်းဆီးရမိခဲ့ ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော် ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၂၈၀၄ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် BEIBEN 2538 SZ Tractor Head တစ်စီး နှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ် ကုန်လှောင်ရုံ၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၇၇၃၂၈၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


























အလားတူ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက် တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါး ရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာ ဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၃၆ ဒသမ ၄၈၀ တန်၊ ကျွန်းသစ် ၄ ဒသမ ၆၀၈ တန်၊ အခြားသစ် ၃ ဒသမ ၀၃၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၉၂၃၁ ကို သစ်တောဥပဒေအရလည်းကောင်း စုစု ပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၇၆၉၂၃၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ ဩဂုတ် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း ၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၈၁၆၆၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ငါးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံး လုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်မှ ၁၂ ရက်ထိ ဖမ်းဆီး ရမိမှု စုစုပေါင်း အမှုတွဲ ၄၅ မှုမှ ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၁၀၄၇၆၂၈၀ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ် လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက် စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန် ရှိသူများက ယခုထက်ပိုမို၍ တားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဦးရာဇတ်နှင့် လက်ဝှေ့အားကစား

**ရွှေဘိုဘာမထီခင်အောင်**

မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးရာဇတ်သည် ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဗဟိုမီးသတ်လက်ဝှေ့အသင်းမှ လက်ဝှေ့သင်တန်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး အင်္ဂလိပ်လူမျိုးတို့ကို မုန်းတီးနေတော့သည်။ ထိုမီးသတ်လက်ဝှေ့အသင်းက နည်းပြဆရာ မစ္စတာအီးဒီဗောက မြန်မာလူမျိုးဆိုလျှင် လက်ဝှေ့သင်တန်းသို့ တက်ရောက်ခွင့်မပေးခဲ့ချေ။ မွတ်စလင်လူမျိုး၊ ဘိုကပြားမျက်နှာဖြူတို့သာ လက်ခံခဲ့၏။ ထိုသို့ မြန်မာလူမျိုးကို 'ပယ်' ထားမှုကို မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးရာဇတ်သည် မကျေနပ်သဖြင့် လက်ဝှေ့နည်းပြဆရာဖြစ်သူ အင်္ဂလိပ်မျက်နှာဖြူ မစ္စတာအီးဒီဗောကို မေးရာ မြန်မာဆိုတာ ကျုပ်တို့အင်္ဂလိပ်တွေရဲ့"ကျေးကျွန်"ဗျ။ ကျွန်တွေကို ကျုပ်တို့ရဲ့အမွေအနှစ်ဖြစ်တဲ့ လက်ဝှေ့ပညာရပ်ကို တက်ခွင့်မပေးနိုင်ပါဘူးဟုဆို၏။

**လက်ဝှေ့နည်းပြဆရာ ဘီလ်ဖစ်ရှာကိုငှားပြီ**

မျိုးချစ်စိတ်အပြည့်ရှိသည့် မိတ္ထီလာနယ်သားကြီး ဦးရာဇတ်သည် ၁၉၃၀ ပြည့်နှစ်၌ အိန္ဒိယနိုင်ငံ ဘုံဘေမြို့နေ လက်ဝှေ့နည်းပြဆရာကြီး မစ္စတာ ဘီလ်ဖစ်ရှာကို လစာဖြင့် ငှားလိုက်၏ ဘီလ်ဖစ်ရှာသည် အင်္ဂလိပ်နီးဂရိုးလူမျိုးဖြစ်သည်။ ကမ္ဘာ့ကြေးစား ၁၄၇ ပေါင်တန်းလက်ဝှေ့ချန်ပီယံဟောင်းဖြစ်၏။ ပွဲပေါင်း ၂၀၀ အနက် ၁၈၀ အနိုင်ရခဲ့သူ။ အသက် ၄၈ နှစ်ရှိ၏။

**ငါးနှစ်အတွင်း ချန်ပီယံများပေါ်ထွက်လာ**

မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းက လူငယ်လူရွယ်များ၊ အရပ်သား လူငယ်လူရွယ်များကို ဆရာကြီး ဦးရာဇတ်က အခမဲ့ လက်ဝှေ့သင်တန်းသို့ တက်ခွင့်ပြု၏။ လူမျိုးမရွေး၊ လူတန်းစားမရွေး တက်ရောက်စေ၏။ နည်းပြဆရာကို ဗဟိုအမျိုးသားအထက်တန်းကျောင်းကလစာ ကောင်းကောင်းပေးထား၏။ ဆရာကြီး ဦးရာဇတ်က ၎င်း၏ဗဟိုအမျိုးသားအထက်ကျောင်းက လက်ဝှေ့သမားတို့ကို အားပေးမြောက်စားခဲ့၏။ "တို့မြန်မာတွေကို သူ့ကျွန်လို့သတ်မှတ်ထားတဲ့ အင်္ဂလိပ်မျက်နှာဖြူ လက်သီးသမားတွေရဲ့ နှာခေါင်းကသွေး မြေခဖို့ အခွင့်အရေးကောင်းတဲ့နေရာကတော့ လက်ဝှေ့ကြိုးဝိုင်းပဲကွ။ ဒီကောင်တွေရဲ့သွေး မင်းတို့ရဲ့ခြေထောက်အောက်ရောက်အောင်၊ ကျအောင် အပြတ်လုံချပြစမ်း၊ မြန်မာ့သတ္တိ၊ မြန်မာ့သွေး၊ မြန်မာ့ဇာတိမာန်ကို ရဲရဲတောက်ပြကြစမ်း။ တစ်နေ့နေ့တစ်ချိန်ချိန် ကမ္ဘာကို လက်ခမောင်းခတ်ပြနိုင်ရစေ့မဟေ့"ဟုဆိုသည်။

**မန္တလေးမြို့ ပုလိပ်ဆပ်ကျောင်းဆင်းပွဲက လက်ဝှေ့ပွဲမှာ**

၁၉၃၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မန္တလေးမြို့ရှိ ပုလိပ် (ရာဇဝတ်အုပ်)သင်တန်းဆင်းပွဲမှာ လက်ဝှေ့ပွဲထည့်သွင်းကျင်းပမည့်အကြောင်း ဆရာကြီး ဦးရာဇတ်တို့က သိထားရာ ကျောင်းဆင်းပွဲတစ်ရက်အလို ဦးရာဇတ်နှင့် ဒုတိယကျောင်းအုပ် ဦးခင်မောင်ကလေးတို့သည် 'ပုလိပ်ဆပ်ကျောင်း'သို့ မြင်းလှည်းစီးပြီး ပုလိပ်ဆပ်ကျောင်းအုပ်ကြီး မစ္စတာ အလက်ဇင်းဒါးဘရောင်းထံ သွားရောက်ဆွေးနွေးကြရာ အင်္ဂလိပ်နှင့် မြန်မာလက်ဝှေ့ယှဉ်ပြိုင်ရန် အတည်ပြုနိုင်ခဲ့ပြီး ဦးရာဇတ်နှင့် ဦးခင်မောင်ကလေးတို့ မြင်းလှည်းစီး၍ ပြန်လာခဲ့ကြသည်။

**မန္တလေးမြို့တစ်မြို့လုံးကို အင်္ဂလိပ်နှင့် မြန်မာ လက်ဝှေ့သတ်ပွဲ လာရောက်ကြည့်ရှုရေးလှုံ့ဆော်**

မြန်မာနှင့် အင်္ဂလိပ်လက်ဝှေ့ထိုးသတ်ရန် သွားရောက်စီစဉ်အပြီး ကျောင်းသို့ပြန်ရောက်ကာ ဆရာ၊ဆရာမအားလုံး အစည်းအဝေးခေါ်လိုက်သည်။ ချက်ချင်းပင် လုပ်ငန်းစဉ်ချမှတ်၏။ မန္တလေးမြို့သူ၊ မြို့သားများ မနက်ဖြန်ည ၆ နာရီတိတိမှာ တို့မြန်မာ ချစ်အုန်းနှင့် အင်္ဂလိပ်လက်ဝှေ့သမားတို့ ပုလိပ်ဆပ်ကျောင်းဝင်းကြီးအတွင်း၌ အသေအလဲထိုးသတ်ကြမည်ဖြစ်၍ တို့မြန်မာချစ်အုန်းကို လာရောက်အားပေးကြစေလိုကြောင်း လှုံ့ဆော်လိုက်သည်။ မြန်မာနှင့် အင်္ဂလိပ် ဘယ်သူကရဲသလဲ၊ ဘယ်သူက ပိုသတ္တိကောင်းသလဲ လာရောက်အကဲခတ်ကြ။ ချစ်အုန်းက မန္တလေးသား၏သတ္တိကို ရဲရဲတောက်ပြမည်ဖြစ်၍ အားပေးကြပါ။ မန္တလေးသူ၊ မန္တလေးသားတို့ မြင်းလှည်းလေးစီးပေါ် လော်စပီကာတင်၍ နန်းရှေ့၊ မြောက်ပြင်၊ အနောက်ဂေါဝိန်၊ တောင်ရွာဟိုင်း ဈေးလေးဖက်လေလံလှည့်ကာ ဆော်ဩစေခဲ့သည်။

နောက်တစ်နေ့ ည ၆ နာရီတိတိတွင် မန္တလေး ပုလိပ်ဆပ်ကျောင်းဝင်းကြီး၌ ချစ်အုန်းနှင့် အင်္ဂလိပ်လက်ဝှေ့ကျော် ထိုးသတ်ကြမည့် လက်ဝှေ့ပွဲသို့ ဆရာ၊ ဆရာမအားလုံး၊ ကျောင်းသား၊ ကျောင်းသူအားလုံး ကျောင်းဝတ်စုံအစိမ်းဝတ်လျက် အားပေးကြရမည်။ 'တို့မြန်မာကွ တို့မြန်မာကွ'ဟု လက်ခုပ်တီးပြီး အားပေးကြရမည်။ တို့မြန်မာ ချစ်အုန်းနိုင်ရမည်။

ဦးရာဇတ်

ကျောင်းအုပ်ကြီး ၁၁-၁၂-၁၉၃၅

**ချစ်အုန်းက သောမက်ကို ဒုတိယအချီတွင် အလဲထိုးချ အနိုင်ရခြင်း**

ရန်ကုန်မြို့က ပုလိပ်မင်းကြီးသည် စီအိုင်ဒီက ပုလိပ်ဝန်နှစ်ဦး၊ ဒုတိယပုလိပ်ဝန်နှစ်ဦး စမတ်ကျကျ နေရာယူ၏။ အခြားပုလိပ်ဦးရေ ၁၅၀ လည်း နေရာယူလျက် ပေ ၂၀ လက်ဝှေ့ကြိုးဝိုင်းသည် မီးရောင်များအောက်၌ လင်းလျက်ဝင်းလျက် ကော်ဇောနီကြီးများခင်းလျက် ပုလိပ်မင်းကြီးအနီးတွင် ဆုကြီး ဆုငယ် အသွယ်သွယ်ခင်းကျင်းထားသည်။ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀၀ သည် ကျောင်းဝတ်စုံများဝတ်ကာ လက်ဝှေ့စင်၏ လေးဖက်လေးတန်တွင်အပြည့်၊ မြို့လူထုဦးရေ ၃၀၀၀ ကျော်ကလည်းအပြည့် အံ့မခန်းပါပေ။

ဆရာကြီးဦးရာဇတ်နှင့် ဦးခင်မောင်ကလေးသည် ချစ်အုန်းပွဲတက်ထိုးသတ်ရမည့် အပြာထောင့်အနီး ရှေ့ဆုံးတန်း၌ ထိုင်နေသည်။

ည ၆ နာရီတိတိမှာ လက်ဝှေ့ပွဲစတင်ကျင်းပသည့် ပွဲစဉ် (၁)၊ ပွဲစဉ် (၂) နှင့် ပွဲစဉ်(၃) သည် အင်္ဂလိပ်လက်ဝှေ့သမားအချင်းချင်း သုံးမိနစ် သုံးချီထိုးသည်။ ထို့နောက် ပွဲစဉ်လေးအနီထောင့်က လောရင့်သောမက် (LAWRENCE THOUMAS)၊ အပြာထောင့်က ချစ်အုန်းတက်လာပြီ။ ၁၄၇ ပေါင်တန် စိန်ခေါ်ပွဲပါ။ မြန်မာက စိန်ခေါ်ခြင်းဖြစ်သည်။ ချစ်အုန်းကြိုးဝိုင်းပေါ်သို့တက်လိုက်သည်နှင့် တစ်ပြိုင်နက်တစ်ခဲနက် လက်ခုပ်တီးကာ "တို့မြန်မာကွ တို့မြန်မာကွ ချစ်အုန်းတဲ့ဟေ့"ဟု အားပေးကြသည်မှာ တစ်မြို့လုံး တုန်ခါသွားမတတ်။ ကြိုးဝိုင်းဒိုင်နှစ်ဦး၏နာမည်ကြေညာအပြီး ပထမအချီစတင်ထိုးရန် ခေါင်းလောင်းတီးလိုက်သည်။ လွှတ်လွှတ်ချင်း သောမက်က ဘယ်တောက်လက်သီးတစ်ချက်လွှတ်သည်။ မထိပါ။ ချစ်အုန်းက ရှောင်လိုက်၏။ ထို့နောက် သောမက်က ဗိုက်ကိုထိုးသွင်းစဉ် ချစ်အုန်းက သောမက်၏နဖူးကို ဘယ်တောက်လက်သီးသွင်းလိုက်ရာထိသည်။ ပရိသတ်အားလုံးက 'မြန်မာကွ မြန်မာကွ'ဟု အော်လိုက်ကြသည်။ နောက် နှစ်ဦးသားလုံးကြ၏။ ချစ်အုန်း၏ မေးရိုးသို့ပင့်လက်သီးထိ၏။ ချစ်အုန်း ခါသွားသည်။ သောမတ်ဆောင့်အဝင်တွင် ချစ်အုန်းက ဘယ်ဝိုက်လက်သီးခပ်ပြင်းပြင်းထိုးချလိုက်ရာ သောမက်ကြီး ဝုန်းခနဲလဲကျသွားတော့သည်။ အင်္ဂလိပ်လူမျိုး ကြိုးဝိုင်းဒိုင်က အချိန်ဆွဲ၍ အမှတ်စဉ်ရေတွက်သည်။ သောမတ် အမှတ်စဉ်(၈) မှာ ပြန်ထလာသည်။ ပွဲပြီး ခေါင်းလောင်းသံမြည်လာသည်။ တကယ်တော့ အချိန်မစေ့သေးပေ။ အင်္ဂလိပ်ညစ်သည်။ ပထမအချီအပြီး ချစ်အုန်းခံရသဖြင့် ပရိသတ်များ ပွက်ပွက်ညံညံဖြစ်ကုန်တော့သည်။ အပြာထောင့်ဆီသို့ တစ်မိနစ်အနားယူရန် ချစ်အုန်းပြန်အရောက် ချစ်အုန်းက ၎င်း၏အကူလူဖြစ်သူ ကိုခင်ညိုကို "ဆရာကြီးကို ပြောလိုက်တော့ ဒီဒုတိယအချီမှာ လှဲချလိုက်လို့ရပြီလို့"ပြောလိုက်သည်။ ထို့နောက် ကိုခင်ညိုက ကြိုးဝိုင်းပေါ်မှဆင်းပြီး ဆရာကြီးဦးရာဇတ်ကို သတင်းပို့၏။

နားချိန်တစ်မိနစ်စေ့အပြီး ဒုတိယအချီ ထိုးကြရာမှာ သောမက်ကို ချစ်အုန်းက ညာလက်သီးဖြင့်ဗိုက်ကိုထိုးဟန်ပြကာ ဘယ်ဝိုက်ကျဲလက်သီးတစ်လုံးကို အားရပါးရ ပစ်သွင်းလိုက်ရာ ဆန်အိတ်ကြီးကို ပစ်ချလိုက်သကဲ့သို့ ဝုန်းခနဲပစ်ကျသွားလေတော့သည်။

မန္တလေးသား ချစ်အုန်းက အင်္ဂလိပ်လက်ဝှေ့ကျော်ကိုအလဲထိုးချ အနိုင်ရသဖြင့် ၁၉၃၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်ည တစ်ညလုံး လူကြီးလူငယ်မကျန် ပျော်ကြမြူးကြ အိပ်မပျော်ကြပေ။ မန္တလေးသူ၊ မန္တလေးသားတို့က ထူးမှထူး ဘယ်မြို့နှင့်မှမတူပါချေ။

> ❖ နားချိန်တစ်မိနစ်စေ့အပြီး ဒုတိယအချီထိုးကြရာမှာ သောမက်ကို ချစ်အုန်းက ညာလက်သီးဖြင့်ဗိုက်ကိုထိုးဟန်ပြကာ ဘယ်ဝိုက်ကျဲလက်သီးတစ်လုံးကို အားရပါးရပစ်သွင်းလိုက်ရာ ဆန်အိတ်ကြီးကို ပစ်ချလိုက်သကဲ့သို့ ဝုန်းခနဲပစ်ကျသွားလေတော့သည်။ မန္တလေးသား ချစ်အုန်းက အင်္ဂလိပ်လက်ဝှေ့ကျော်ကိုအလဲထိုးချ အနိုင်ရသဖြင့် ၁၉၃၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်ည တစ်ညလုံး လူကြီးလူငယ်မကျန် ပျော်ကြမြူးကြ အိပ်မပျော်ကြပေ။ မန္တလေးသူ၊ မန္တလေးသားတို့က ထူးမှထူး ဘယ်မြို့နှင့်မှမတူပါချေ။ ❖

**ဗမာက အင်္ဂလိပ်ကို အနိုင်ထိုးနိုင်၍ ကျောင်း တစ်ရက်ပိတ်**

တို့မြန်မာ ချစ်အုန်းက အင်္ဂလိပ်လက်ဝှေ့ကျော်ကို အနိုင်ထိုးချနိုင်သဖြင့် ယနေ့ကျောင်း တစ်ရက်ပိတ်သည်။

ဦးရာဇတ်

ကျောင်းအုပ်ကြီး၁၂-၁၂-၁၉၃၅

ထိုကျောင်းပိတ်ရက်တွင် ဆရာ၊ ဆရာမ အားလုံးက မုန့်တီ၊ လက်ဖက်ရည်၊ မုန့်ပျားသလက်၊ ခေါက်ဆွဲကြော်၊ မုန့်စိမ်းပေါင်း၊ မုန့်မျိုးစုံလုပ်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်လူထု၊ မြို့လူထုကို ကျွေးကြသည်။

**ရဲရဲတောက် ဘွဲ့အပ်နှင်းချစ်အုန်းဂုဏ်ပြုပွဲ**

ဆရာကြီး ဦးရာဇတ်က ၁၉၃၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် ချစ်အုန်းဂုဏ်ပြုပွဲကို ဗဟိုအမျိုးသားအထက်တန်းကျောင်း ခန်းမကြီး၌ ကျင်းပ၏။ မြို့ဂုဏ်သရေရှိလူကြီးမင်းများကို ဖိတ်၏။ ထိုဂုဏ်ပြုပွဲမှာ လက်ဝှေ့ကျော်ချစ်အုန်းကို ဆရာကြီး ဦးရာဇတ်က ရဲရဲတောက်ဘွဲ့နှင့်အတူ ငွေသား ၅၀၀ ကို ချီးမြှင့်ခဲ့သည်။ ချစ်အုန်း၏ ဆရာ မစ္စတာဘီလ်ဖစ်ရှာကိုလည်း ဆုငွေ ၅၀၀ ချီးမြှင့်ခဲ့၏။

**လက်ဆောင်တွေ မြင်းလှည်း ငါးစီးတိုက် စိန်လက်စွပ်တစ်ကွင်းပါ**

ချစ်အုန်းဂုဏ်ပြုပွဲသို့ မန္တလေးပရိသတ် မြောက်မြားစွာထဲမှ စိန်ရောင်းဝယ်သူက စိန်လက်စွပ်၊ ဇန်ကောက်လုံချည်ရောင်းသူက ဇန်ကောက်လုံချည်၊ ထီးရောင်းသူကထီး၊ ဖိနပ်ရောင်းသူကဖိနပ်၊ လုံချည်ရောင်းသူကလုံချည်၊ နို့ဆီရောင်းသူကနို့ဆီ စသည်ဖြင့် ပေးကြ၊ ဂုဏ်ပြုကြလေရာ ထိုခေတ်က မြင်းလှည်းငါးစီးဖြင့် သယ်ယူခဲ့ရသည်။

ဘယ်မြို့နှင့်မှမတူ သူတို့မန္တလေးသူ၊ မန္တလေးသားများကို အလွန်အမွှမ်းတင်ကြလေ့ရှိသည်။ ထိုအစဉ်အလာသည် ယနေ့တိုင်မန္တလေးမြို့၌ရှိလျက်ပင်။

**မန္တလေးသားခြောက်ယောက် ကမ္ဘာ့လက်ဝှေ့ကြိုးဝိုင်းမှာ မြန်မာ့သွေးကိုပြနိုင်ခဲ့**

ဆရာကြီးဦးရာဇတ်၏ အမြော်အမြင်ကြီးမားမှုကြောင့် မန္တလေးသားခြောက်ဦးမှာ (ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲကြီး)သို့ တက်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။ မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းသားဟောင်း မျိုးသန့်(လန်ဒန်အိုလံပစ် ၁၉၄၈)၊ ကျားဘညိမ်း (ဟင်ဆင်ကီ အိုလံပစ် ၁၉၅၂)၊ စံလှ (ဟင်ဆင်ကီအိုလံပစ် ၁၉၅၂)၊ ရဲဆွေ(မယ်(လ)ဘုန်အိုလံပစ် ၁၉၅၆)၊ ရဲမြင့် (မယ်လ်ဘုန်အိုလံပစ် ၁၉၅၆)၊ သန်းထွန်း (ရောမအိုလံပစ် ၁၉၆၀)တို့ဖြစ်သည်။


ချစ်အုန်းသည် နောင်အခါ အားကစားအရာရှိ ဖြစ်ခဲ့ပြီး ၁၉၅၂ခုနှစ်တွင်ဟင်ဆင်ကီကမ္ဘာ့အိုလံပစ်သို့ လက်ဝှေ့နည်းပြဆရာအဖြစ် နိုင်ငံတော်က တာဝန်ပေးခဲ့၏။ ကျားဘညိမ်း၊ စံလှ၊ မဂျစ်၊ Bသော်မဆင်တို့၏ နည်းပြဆရာသည် ဦးချစ်အုန်းဖြစ်သည်။ မန္တလေးရဲတင့်၊ ရဲမြင့်၊ တင်မောင်၊ ကျော်အေး၊ အုံးရွှေ၊ ခင်မောင်ဝင်းတို့သည် အရှေ့တောင်အာရှပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ရသူများဖြစ်ကြသည်။

မန္တလေးမြို့နှင့် အထက်မြန်မာပြည်ကို လက်ဝှေ့မျိုးစေ့ချပေးခဲ့သူ မိတ္ထီလာနယ်သား ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်က ကျဆုံးခဲ့ရသည့် အာဇာနည်တစ်ဦးဖြစ်ပါသည်။

ဝတ္ထုတိုကလျာ

# လွမ်းဆွတ်နာ

## မောင်ကြည်လင်(ရွှေကြိုးကြာ)



(၁)

ညနေခင်းဟုဆိုသော်လည်း နေရောင်ကောင်းစွာ တောက်ပနေသည်။ ရွာပြင်မှ လှမ်းမြင်နေရသော မြေနီလမ်းကလေးက လူသွားလူလာကျဲပါးလျက်ရှိနေသည်။ ထိုလမ်းကလေးတွင် အညိုနှင့်အတူ ဦးမြတ်သွင်သည် နှစ်လရှည်ကြာ လက်တွဲလျှောက်ခဲ့ဖူးသည်။ ဦးမြတ်သွင်မောင်းနှင်သည့် ဆိုင်ကယ်ဟောင်းလေးနောက်မှလည်း အညို လိုက်ပါခဲ့ဖူးသည်။ မြေနီလမ်းကလေးကိုကြည့်တိုင်း အညို၏ရုပ်သွင်က ဦးမြတ်သွင်၏နှလုံးအိမ်တွင် ပေါ်လာတတ်စမြဲဖြစ်သည်။

"ကိုသွင် ရှေ့ကြည့်မောင်း နောက်မှာကားပါလာတယ်။ ဟိုရှေ့မှာ ကုန်တင်ကားကြီး။ ဆိုင်ကယ်တွေရှောနော်"

ဆိုင်ကယ်စီးတိုင်း ပါးစပ်က အငြိမ်မနေတတ်သည့် အညို။ အမြဲတတွတ်တွတ်နှင့် စကားဆိုတတ်သည့် အညိုက ဦးမြတ်သွင်၏ ဆိုင်ကယ်စပယ်ရာလည်း ဖြစ်သည်။

"အမယ်လေး ကိုသွင် ရှေ့မှာ ကလေးတစ်အုပ်။ သတိထား၊ ဖြည်းဖြည်း၊ ဟိုမှာ ဘောလုံးလွင့်လာတယ်။ အမယ်လေး တယ်ခက်တဲ့ကလေးတွေ"

စိုးရိမ်စိတ်လွန်ကဲတတ်သည်မှာလည်း နှစ်ယောက်မရှိတတ်သော အညို။ မည်သို့ပင်ဆိုပါစေ၊ အညိုနှင့် ဦးမြတ်သွင်က ကျောင်းနေဖက်လည်း ဖြစ်ခဲ့သည်။ ကစားဖော်အဖြစ်လည်း ကျင်လည်ခဲ့သည်။ ကျောင်းနေချိန်လည်း အတန်းတူခဲ့သည်။ ထို့ကြောင့် ငယ်ချစ်ဦးလည်း ဖြစ်ကြသည်။

(၂)

"အညို"

ဦးမြတ်သွင်၏ အသံက အားနည်းလွန်းသည်။ မျက်နှာက ဖြူဖပ်ဖြူရော်နှင့်။ ခေါင်းပေါင်းထားသည့် ပိတ်စက အရောင်အတော်ကျနေပြီ ဖြစ်သည်။ လက်ထဲရှိတောင်ဝှေးက သူ၏ အဖော်ဖြစ်ဟန်တူသည်။ တောင်ဝှေးကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်မို့ အရေးအကြောင်းများက သိသာထင်ရှားစွာ ငေါ်ထွက်နေသည်။ အဝေးကနေလည်း လှမ်းမြင်နိုင်သည့် ခေါင်ရန်းပန်းပင်လေးက လေတိုက်တိုင်း ယိမ်းထိုးနေသည်။

အနီးမှာလည်း မည်သူမျှမရှိတော့။ အဝေးကလည်း လှမ်းမမြင်တော့ပေ။ အညို့ကိုလက်ပြနှုတ်ဆက်ရန်လည်း ခွန်အားမဲ့နေလေပြီ။ လေတစ်ချက်အဝှေ့တွင် ပျံသန်းသွားသည့် ငှက်ကလေးများက ကြင်ဖော်ကိုယ်စီနှင့် ခရီးဆက်နေကြသည်။

ဦးမြတ်သွင်သည် လက်ထဲတွင် ကိုင်ထားသည့် တောင်ဝှေးကို လှုပ်ရှားလိုက်သည့်အချိန်တွင် ဘယ်တစ်လှမ်း ညာတစ်လှမ်းဖြင့် ခြေထောက်များက ရွာဘက်လမ်းဆီသို့ စတင်ခရီးနှင်နေလေသည်။

(၃)

ညှင်းသွဲ့သွဲ့ တိုက်ခတ်လာသည့်လေက စိတ်ကို လန်းဆန်းနေစေသည်။ သစ်ပင်ကြီးငယ်များက စိမ်းစိမ်းစိုစိုနှင့် ရှိနေကြသည်။ မြေပြင်တွင် ပြန့်ကြဲနေသည့် ရော်ရွက်များက လေနှင့်အတူ လွင့်နေကြသည်။ ညနေစောင်းပြီမို့ နေမင်း၏ အရောင်က မှေးမှိန်လျက်ရှိသည်။ ကောင်းကင်ထက်တွင် တိမ်လိပ်တချို့က နီနေသည်။ တချို့က အဝါရောင်ဖြစ်သည်။ တချို့က မီးခိုးရောင်နှင့် အပြာရောင်တို့ လုံးထွေးနေသည်။ လေနှင့်အတူ ရွေ့လျားနေသည့် တိမ်ရောင်စုံတို့က ပုံရိပ်အမျိုးမျိုးနှင့် ဟိုတစ်ကွက်သည်တစ်ကွက် ရှိနေကြသည်။

"ကိုမြတ်သွင်"

ခေါ်သံက လျှာလိပ်သံပါနေသည်။ လေသံကလည်း အားယုတ်နေသည်။ မျက်လုံးများတွင်လည်း တောက်ပမှုက ကွယ်ပျောက်နေခဲ့သည်။ ဇရာ၏ တိုက်စားမှုကြောင့်ထင်ပါသည်။ အညိုလည်း အသက်ခုနစ်ဆယ်ကျော်ပြီမို့ အလှအပလည်း ခန်းခြောက်နေလေပြီ။

"ပြောလေ အညို"

ဦးမြတ်သွင် အားယူပြောလိုက်ရသဖြင့် မောဟိုက်သွားသည်။

"ဒီနေ့က အညိုတို့ရဲ့ မင်္ဂလာသက်တမ်း နှစ်ငါးဆယ် ပြည့်ပြီနော်"

ချစ်ရိပ်များ စိုးမိုးထားသည့် ချစ်သူ့မျက်ဝန်းများကို ဦးမြတ်သွင် စိုက်ကြည့်နေမိသည်။ အညိုနှင့် လက်ထပ်ခဲ့သည်မှာ နှစ်ငါးဆယ် သက်တမ်းပင်ရောက်ခဲ့လေပြီ။ ဖြတ်သန်းခဲ့ရသည့် ကာလများတွင် ပင်းပန်းခဲ့ကြသည်။ စိတ်ဓာတ်တွေ ပြိုလဲခဲ့ကြသည်။ မည်မျှပင် ဒုက္ခတွေ့ပါစေ အချစ်ဟူသော ခွန်အားများဖြင့် တစ်ဦးကိုတစ်ဦး ဖေးမကူညီခဲ့ကြသည်။

"ခုချိန်ထိ ကိုသွင်ရဲ့အနားမှာ နေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အညို"

"ဒီခရီးရှည်ကြီးကို ဖြတ်သန်းဖို့ အညို့ဘဝမှာ အရိပ်တစ်ခုအနေနဲ့ ကိုသွင်မရှိဘဲ မဖြစ်နိုင်ပါဘူး"

အညို့ကိုကြည့်ကာ ဦးမြတ်သွင်ကြည်ကြည်နူးနူး ပြုံးနေလိုက်ပါသည်။

(၄)

"ဆွမ်းတော်ဖျို့... ဆွမ်းတော်"

အညိုက ဆွမ်းဗန်းကလေးကိုင်ကာ အိမ်ရှေ့တွင် ရပ်စောင့်နေလေသည်။ ဆွမ်းလောင်းနေသည့် အညိုကိုကြည့်ကာ ဦးမြတ်သွင် ကရုဏာဖြစ်မိသည်။ အသက်ခုနစ်ဆယ်ပြည့်ပြီး ဖြစ်သည်။ ဇရာ၏ စီးမျောမှုကြောင့် အညို၏ ရုပ်သွင်လည်း ပြောင်းလဲခဲ့လေပြီ။

"ကိုသွင်"

"ဟင်..."

"ဘာတွေများ အဲ့လောက်ထိ စိုက်ကြည့်ပြီး အတွေးခရီး သွားနေတာလဲ"

"ဟဲ ဘာရယ်မဟုတ်ပါဘူး။ အညို့အကြောင်းကို တွေးလိုက်မိလို့ပါ"

"ပြောပါအုံး အညို့အကြောင်းဆိုတော့"

"ဘာရယ်မဟုတ်ပါဘူး။ ကိုယ့်ရဲ့စာရိတ္တကို စမ်းသပ်ခဲ့တဲ့ အညို့ရဲ့အကြောင်းပေ့ါ"

"အို...ကိုသွင်ကလဲ ကလေးမဟုတ် သူငယ်မဟုတ်နဲ့"

မရယ်မပြုံးမျက်နှာနှင့် ရှက်ရိပ်သန်းနေသော အညို့မျက်နှာကိုကြည့်ကာ ဦးမြတ်သွင် သဘောကျစွာ ရယ်လိုက်သည်။

"ငယ်ဘဝရဲ့အမှတ်တရပေ့ါ အညိုရယ်၊ အခုတွေးရင်း အခုရင်ခုန်မိတယ်သိလား အညို"

"ဒီအဘိုးကြီး သူငယ်ပြန်နေပြီထင်တယ်။သွားသွား ငါးဟင်းအိုးတူးပြီထင်တယ်"

အညို မီးဖိုချောင်ဘက် ထွက်သွားသည်။ ရှက်စိတ်ကြောင့် အညို့မျက်နှာမှာ နီမြန်းနေသည်။

(၅)

"မြတ်သွင်ကိုယူရင် ညည်းလဲ ငါးရောင်းနေရမှာနော်။ ကျုပ်ကတော့ ကိုထွန်းလှိုင်ကို လက်ထပ်စေချင်တယ် အညိုရယ်"

သူငယ်ချင်းဖြစ်သူ မိဝိုင်းစကားကြောင့် အညိုက ခေါင်းခါလိုက်သည်။

"ကိုမြတ်သွင်ကိုပဲ အညိုချစ်တယ် ။ကိုမြတ်သွင်က ရိုးသားတယ်၊ ကြိုးစားတယ်၊ ရိုသေစိတ်လဲရှိတယ်"

"ဒါတော့လဲ ဒါပေ့ါ အညိုရယ်။အိမ်ထောင်ပြုတယ်ဆိုတာ အချစ်တစ်ခုနဲ့လဲ မပြည့်စုံဘူးထင်တယ်"

"ဒါလဲမှန်ပါတယ်။ ဒါပေမဲ့ မိန်းမတစ်ယောက်အတွက် ကိုယ့်ကိုတန်ဖိုးထားသူကိုပဲ ရွေးချယ်သင့်တယ်ထင်တာပဲ မိဝိုင်းရယ်"

"နေအုံး အညို၊ သူတို့နှစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကိုလဲ စမ်းသပ်ကြည့်ဖို့လိုတယ်။ လက်ထပ်ပြီးမှ ကိုယ်ကျင့်တရားမကောင်းရင် နင့်ဘဝတစ်လျှောက်လုံး သူများကဲ့ရဲ့ခံနေရမှာ"

"ဘယ်လို စမ်းသပ်ရမှာလဲ မိဝိုင်းရဲ့"

"ငါသင်ပေးတဲ့အတိုင်းလုပ်နော် အညို"

"အေးပါ မိဝိုင်းရယ်"

အနားကပ်ကာ ခပ်တိုးတိုးပြောလာသည့် မိဝိုင်းစကားကို အညိုခေါင်းတဆတ်ဆတ်ညိတ်လျက် နားထောင်နေလိုက်သည်။

"မနက်ဖြန်နော်..."

လက်ပြနှုတ်ဆက်ထွက်ခွာသွားသည့် မိဝိုင်းကိုကြည့်ကာ အညိုပြုံးနေမိသည်။

(၅)

မိမိရှေ့တွင် အမျိုးသားနှစ်ယောက် ရပ်နေကြသည်။ သူတို့လက်ထဲတွင်လည်း ပါဆယ်ထုပ်တစ်ထုပ်စီ ကိုင်ထားကြသည်။ သူတို့နှစ်ယောက်ကိုကြည့်ကာ စိတ်လှုပ်ရှားမှုကို အညိုထိန်းရခက်နေမိသည်။

"အညို ပစ္စည်းတွေ စစ်ကြည့်လေ"

မိဝိုင်းအသံကြောင့် အညို့နှလုံးခုန်သံက ပိုမြန်လာသည်။ ကိုထွန်းလှိုင် လှမ်းပေးသည့် အထုပ်ကို အညို ယူလိုက်သည်။ အလေးချိန်က သိသာလှသည်။

"အညို့အတွက် ကိုထွန်း ကြိုးစားလာတာနော်။ အညို စိတ်တိုင်းကျစေရမဲ့ ပစ္စည်းပါ"

အညိုက ပါဆယ်ထုပ်ကို ဖွင့်ကြည့်လိုက်သည်။

" အိုး"

"ဟယ်"

အညိုနဲ့ မိဝိုင်း၏ အံ့သြသံက တစ်ပြိုင်နက် ထွက်ပေါ်လာသည်။

ကိုမြတ်သွင်ထံက ပါဆယ်ထုပ်တို ဖွင့်ကြည့်လိုက်သောအခါ မည်သည့်ပစ္စည်းမျှ အညိုမတွေ့ရပေ။

"ဟိုမှာ ထွန်းလှိုင်"

အသံနှင့်အတူ အနားသို့ရောက်လာကြသူများက ထွန်းလှိုင်၏ မိဘများဖြစ်သည်။

"နင်မို့ လုပ်ရက်တယ် ထွန်းလှိုင်ရယ်။ ရွာဦးကျောင်းအတွက် လှူမဲ့ငွေဆိုတာ နင်လဲသိရဲ့သားနဲ့။ အညို့ဘက်က သဘောတူရင် တောင်းရမ်းပေးမယ်လို့ ပြောထားရက်နဲ့"

မိခင်ဖြစ်သူ၏ စကားကြောင့် ထွန်းလှိုင်ခေါင်းငုံ့ထွက်သွားသည်။

"အညို့ကို အားနာလိုက်တာ။ ထွန်းလှိုင်တစ်ယောက် ဘာစိတ်ကူးပေါက်မှန်းမသိဘူး"

ထွန်းလှိုင်ယူလာသည့် ပါဆယ်ထုပ်အတွင်းရှိ ငွေများသည် ရွာဦးကျောင်းလှူရန်အတွက် ရည်စူးထားသည့် ငွေများဖြစ်သည်။အညိုက တင်တောင်းရန် ငွေကို ယူလာပြရန် တောင်းဆိုသည့်အတွက် ကိုယ်ပိုင်ငွေမရှိသောကြောင့် မိဘငွေကို ခိုးယူလာခဲ့ခြင်းဖြစ်သည်။ ငွေများကိုယူလျက် ထွန်းလှိုင်မိဘများလှည့်ပြန်သွားကြသည်။

"ကဲ ကိုမြတ်သွင်ကကော"

"ကိုသွင်ပိုင်တာ အိမ်နဲ့ခြံပဲ။ ပြီးတော့ ကိုသွင့်သိက္ခာနဲ့ကိုယ်ကျင့်တရားပဲ အညို။ အညို့ကို လူကြီးစုံရာနဲ့ လာကြောင်းလမ်းပါရစေနော်"

မရယ်မပြုံးမျက်နှာထားနှင့် ခေါင်းငုံ့နေသည့် အညို့ထံက စကားသံထွက်မလာခဲ့ပေ။

"ငါအိမ်ပြန်နှင့်ပြီ အညိုရေ"

မိဝိုင်းအသံကြောင့် သစ်ပင်ထက်က ငှက်ကလေးများပင်ထိတ်လန့်စွာ ထပျံသွားလေသည်။

"ငါ့ကိုလဲစောင့်အုံး မိဝိုင်းရေ"

မိဝိုင်းနောက် အမီလိုက်သွားသော အညို့ကို ကိုမြတ်သွင် လှမ်းခေါ်လိုက်သည်။

"အညို...အညို"

(၆)

"အညိုက ဟိုမှာကျန်ခဲ့ပြီလေ ကိုမြတ်သွင်"

သူငယ်ချင်းဖြစ်သူ ဦးချစ်မြိုင်၏ သတိပေးစကားကြောင့် အတွေးနယ်ချဲ့ခြင်းခရီးအဆုံးသတ်သွားသည်။ ဦးမြတ်သွင် ခြေလှမ်းများကလည်း တုံ့ဆိုင်းသွားသည်။ ဦးချစ်မြိုင် ညွှန်ပြရာဆီလှည့်ကြည့်မိသည်။

မြေသားမို့မို့လေးအထက်တွင် ခေါင်ရန်းပန်းလေးများက ငြိမ်သက်နေသည်။ သစ်လွင်နေသည့် သစ်သားမှတ်တိုင်လေးက အထီးကျန်လျက်ရှိနေသည်။

ဒေါ် ညိုညို အသက် (၇၅)နှစ်

မှတ်တိုင်လေးတွင် ရေးထားသော စာကို ဆွေးမြေ့စွာနှင့် ခပ်တိုးတိုးရွတ်ဆိုလိုက်သည်။ အသံက ခြောက်ကပ်အက်ကွဲနေလျက်ရှိသည်။ မိမိအသံကို ဦးမြတ်သွင် ခံစားမိသည်။ ထိုခံစားချက်ကို အလွမ်းဟုဆိုရလျှင် ထိုအလွမ်းကို...

# မြောင်မြို့နယ်တွင် မတ်ပဲ ၁၃၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၃၀၂ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၅၇ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၀၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲ ကေ ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၃၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ငါးသလောက်များအရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင်ဒေသထွက် ငါးသလောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။



ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လ ပထမပတ်ကစတင်ပြီး ယနေ့ထိဒေသထွက်ငါးသလောက်များ ဝယ်ယူမှုကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ အဆိုပါ ငါးသလောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ဒေသဈေးကွက်အပြင် အခြားဒေသဈေးကွက်ကပါ ဝယ်ယူအားကောင်းလာလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ငါးသလောက် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကိုပြန်လည်တင်ပို့ ရောင်းချနေပါတယ်''ဟု ကျုံပျော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ အရောင်းအဝယ်ဖြစ်ကာ ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ ကျေးရွာတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက သတ်မှတ်ရက်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအတိုးရငွေကျပ် ၁ ဒသမ ၅ သန်း၊ ကျေးရွာမှ ထည့်ဝင်ငွေ ၁၁ ဒသမ ၅ သန်း၊ စုစုပေါင်း ၁၃ သန်းဖြင့် အလျား ၃၆ ပေ၊ အနံ ၁၃ ပေရှိ ကျေးရွာတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသက်**

## လူငယ်နှင့်စာပေ

\- ယနေ့လူငယ် နောင်ဝယ်လူကြီး
ခွန်အားကြီးအောင် ကြံဆောင်ကြိုးပမ်း
လူငယ့်လမ်းကို မျှော်မှန်းချင့်တွေး
စာရေးစာဖတ် သိမှတ်ပွားကာ
အားသွန်ခွန်စိုက် ပြုလိုက်ကြစို့
လူငယ်တို့လမ်း မျှော်မှန်းရည်ကာ
အနာဂတ်ဦးဆောင် လူငယ်မောင်တို့။

\- ယနေ့ခေတ်မီ အိုင်တီပညာ
ထွန်းကားလာတော့ လူ့ရွာလူ့ဘောင်
ချည်နှောင်တုပ်ထား အချိန်အားတိုင်း
လက်အားမနေ ဖုန်းပွတ်နေကြ
စိတ်ကဝင်စွက် အင်တာနက်နှင့်
နှစ်သက်ဖွေဘွတ် မလွတ်ကစား
စိတ်ထားမမှန် ရှိကြပြန်လျှင်
အမှန်တွေးသုဉ်း ဆုံးရှုံးတွေးခေါ်
ပေါ်ပင်ကိုလိုက် စိတ်မိုက်စိတ်ရိုင်း
ထင်တိုင်းကြဲကြဲ ပြုကြလေသော်
ဘဝလည်းပျက် လူငယ်ခက်မည်။

\- မခက်စေရာ ငယ်စဉ်ခါဝယ်
ရှာကြပညာ ဖတ်ကြပါလော့
ထပ်ခါတိုက်တွန်း အားသစ်သွန်းလို့
ဖြစ်ထွန်းစေရေး စဉ်မြော်တွေးလျက်
မနေးကြိုးကုတ် အားထုတ်လို့လ
ဝီရိယနှင့်
နေကြစေဖွယ် အိုလူငယ်တို့။

ဘိုမျိုး(ရွှေဘို)

# ရေကြည်မြို့နယ် ကြံတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရေကြည် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆပ်ကွင်းကျေးရွာအုပ်စု ကြံတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ကျင့်ဝတ်လိုက်နာလွန်ချမ်းသာ

ဘုန်းသန့်စင်

❖လူငယ်များအနေဖြင့် မိမိတို့ကို လူ့ဘဝသို့ရောက်အောင် ခေါ်ယူပေးခဲ့သည့် မိဘအုပ်ထိန်းသူများကို ကျွေးမွေးပြုစုစောင့်ရှောက်ရန်အတွက် လိုအပ်သည့်ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လူသားတာဝန်ကျေပွန်ရန်လိုသည်။ အသိပညာ၊ အတတ်ပညာတို့ကိုသင်ကြားပေးသည့် ဆရာတို့ကို ပြန်လည်ပေးဆပ်နိုင်ရန် တပည့်ကျင့်ဝတ်ငါးပါးကိုသိရှိရမည်။ အသက်အရွယ်ရလာသည့်အခါ ကိုယ်တိုင်မိဘဘဝရောက်ချိန်တွင် မိဘကျင့်ဝတ်များကိုမှန်စွာနားလည်၍ သားသမီးများကို ကောင်းစွာပြုစုပျိုးထောင်ပေးရမည်။ ❖

**ကျင့်ဝတ်**

"ဝိနယော စ သုသိက္ခိတော၊ ဧတံမင်္ဂလမုတ္တမံ-ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်ကိုစောင့်ထိန်းလိုက်နာခြင်းသည် မင်္ဂလာမည်၏"ဟု ငယ်စဉ်က ၃၈ ဖြာမင်္ဂလာတရားတော်များတွင် လေ့လာသင်ကြားခဲ့ရသည်။ "ကျင့်ဝတ်"ဆိုသည်မှာ ပုထုဇဉ်လူသားတို့ သံသရာခရီး လျှောက်လှမ်းကြရာတွင် လူသားတစ်ဦးအနေဖြင့် လိုက်နာစောင့်ထိန်းအပ်သောဝတ္တရားများပင်ဖြစ်သည်။ "လူနှင့်ဆိုင်ရာကျင့်ဝတ်များကို ကောင်းစွာသင်ကြားနားလည်စေ" ဆိုသကဲ့သို့ပင် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဘဝခရီးလမ်းအစ လူငယ်ဘဝတွင် လူမှုပတ်ဝန်းကျင်ကျင်လည်ရာ၌ လိုက်နာစောင့်ထိန်းရမည့်ဝတ္တရားများကို သိရှိနားလည်ထားရန်လိုမည်ဖြစ်သည်။ သို့မှသာ မိမိအကျိုး၊ သူတစ်ပါးအကျိုးတို့ကိုသယ်ပိုးရာတွင် မျှတစွာဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

အသက်အရွယ်ငယ်စဉ်ကတည်းက လူမှုပတ်ဝန်းကျင် ကျင်လည်ကြရာ၌ သိရှိလိုက်နာဆောင်ရွက်သင့်သည့် အလေ့အထများကိုသင်ယူတတ်မြောက်ထားရသည်။ ငယ်စဉ်ကတည်းက ကောင်းမှုမြတ်နိုး၍ ကောင်းကျိုးကိုသာ လိုလားပြီး လူမှုပတ်ဝန်းကျင်ကိုထိခိုက်စေမည့် အပြုအမူများ ပြုလုပ်လေ့မရှိသူကို အခြေခံအားဖြင့် လူမှုကျင့်ဝတ်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သူဟုဆိုနိုင်သည်။ ကျင့်ဝတ်အခြေခံအစသည် ငယ်ဘဝတွင် အများအကျိုးကိုထိခိုက်နစ်နာစေသော အလုပ်များကိုပြုလုပ်ခြင်းမရှိသည့် စိတ်ဓာတ်ကိုမွေးမြူနိုင်ခြင်းသာဖြစ်သည်။ ထိုကဲ့သို့သောဖြူစင်သန့်ရှင်းသည့် စိတ်ဓာတ်အခံရှိကြရန်အတွက် "ဝိနယော စ သုသိက္ခိတော - ကိုယ်ကျင့်ဝိနည်းများကိုလိုက်နာဆောင်ရွက်ခြင်းသည် မင်္ဂလာမည်၏"ဟု ၃၈ ဖြာမင်္ဂလာတရားတော်များတွင် ကျင့်ဝတ်၏ အရေးပါမှုကိုလူငယ်များသို့ အသိပညာပေးထားခြင်းသာဖြစ်သည်။

**လိုက်နာစရာကျင့်ဝတ်အဖြာဖြာ**

လူ့ဘဝတွင် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်များကိုလိုက်နာ၍ ရိုးသားဖြောင့်မတ်စွာနေထိုင်သူသည် ကြီးပွားချမ်းသာခြင်းကို ရယူခံစားနိုင်သည်ဟု မြတ်စွာဘုရားရှင်က သိင်္ဂါလောဝါဒသုတ်တွင် သိင်္ဂါလသတို့သားကိုဟောကြားခဲ့သည်။ မိတ်ကောင်းဆွေကောင်းနှင့်ပေါင်းဖက်ရသူသည် ဘဝအရေးကိစ္စဟူသမျှကိုအောင်မြင်အောင် ဆောင်ရွက်နိုင်သဖြင့် မိတ်ဆွေကောင်းတို့ဖြင့် ပေါင်းဖက်ရရန် လူငယ်များကြိုးစားသင့်ပေသည်။ လူငယ်များအနေဖြင့် မိတ်ဆွေကောင်းတို့ကို ရှာဖွေပေါင်းသင်းရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်မိတ်ဆွေကောင်းတို့တွင် ရှိသင့်ရှိထိုက်သည့် ကျင့်ဝတ်များကိုရှိထားရန်လိုကြောင်း မြတ်စွာဘုရားက ဟောကြားခဲ့သည်။ လောက၌ ဥပကာရမိတ်ဆွေအဖြစ် လိုက်နာရမည့် ကျင့်ဝတ်တရားလေးပါး၊ သမာနသုခဒုက္ခမိတ်ဆွေအဖြစ်လိုက်နာရမည့် ကျင့်ဝတ်တရားလေးပါး၊ အတ္ထက္ခာယီမိတ်ဆွေအဖြစ်လိုက်နာရမည့် ကျင့်ဝတ်တရားလေးပါး၊ အနုကမ္ပကမိတ်ဆွေအဖြစ် လိုက်နာရမည့် ကျင့်ဝတ်တရားလေးပါးတို့ကို မဖြစ်မနေလိုက်နာစောင့်ထိန်းခြင်းဖြင့် မိတ်ကောင်းဆွေကောင်းတို့ကို မဆုံးရှုံးရအောင် ကြိုးစားရမည်ဖြစ်သည်။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဖ" ဆိုသည့် မိမိတို့၏ဘဝအတွက် လွန်စွာကျေးဇူးကြီးမားလှသည့်သူများအပေါ်တွင် သားသမီးများက ပြန်လည် ကျေးဇူးဆပ်ကြရာ၌ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ငါးပါးရှိလေသည်။ "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေးခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"ဆိုသည့် သားသမီးကျင့်ဝတ်ငါးပါးကို လူငယ်များသိရှိထားကာ အစဉ်စောင့်ထိန်း လိုက်နာရမည်ဖြစ်သည်။ မိဘများကလည်း သားသမီးများ၏ ဘဝသာယာလှပစေရေး ပြုစုစောင့်ရှောက်ရာတွင် "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"ဆိုသည့် မိဘကျင့်ဝတ်ငါးပါးကို ထာဝရလိုက်နာကာ မိမိတို့၏ ဘဝကိုလှပအောင် ပြုစုဆောင်ရွက်နေသည်ကို သိရှိရန်လိုသည်။

အသိပညာအတတ်ပညာတို့ကို စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကိုအခြေခံ၍ မိမိတို့၏ ဘဝတွင်လိုအပ်သည့် ပညာလက်နက်များကို တပ်ဆင်ပေးနေသည့် အာစရိယဆိုသည့် ဆရာသမားတို့၏ ကျေးဇူးကလည်း ကြီးမားလှပေသည်။ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသည့် ဆရာကျင့်ဝတ်ငါးပါးနှင့်အညီ မိမိတို့၏ ဘဝကိုပုံဖော်ထုဆစ်ပေးနေသည့် ဆရာတို့၏ ကျေးဇူးကိုသိရှိရမည်ဖြစ်သည်။ ဘဝခရီးလမ်းကြောင်း တိမ်းစောင်းသွားခြင်း မရှိရလေအောင် စွမ်းဆောင်နိုင်သည့် ဆရာတို့၏ကျေးဇူးကို ပြန်လည်ပေးဆပ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ" ဆိုသည့် တပည့်တို့လိုက်နာရမည့် ကျင့်ဝတ်ငါးပါးကို လိုက်နာရမည်ဖြစ်သည်။

**ကိုယ်စီကျင့်ဝတ်လိုက်နာသည့်အခါ**

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်ကာလ၌ ဆဗ္ဗဂ္ဂီရဟန်းသည် နိမ့်ရာမှနေ၍ အခြားသောရဟန်းများကို တရားပြနေသည်ကို သိရှိသည့်အခါ ရဟန်းတို့ကို မိမိတို့ကိုပညာသင်ကြားတရားပြသည့်ဆရာကို မြင့်ရာအရပ်၌ထားခြင်းသည် တပည့်ကျင့်ဝတ်ကိုလိုက်နာခြင်းဖြစ်သည်ဟုဆိုကာ အတိတ်ဇာတ်ကြောင်းတစ်ခုကို ဟောကြားခဲ့လေသည်။ ဗာရာဏသီပြည်တွင် ဗာရာဏသီမင်းစိုးစံစဉ်ကာလ စဏ္ဍာလအလုပ်ဖြင့် အသက်မွေးရသည့် အလွန်ဆင်းရဲသော စဏ္ဍာလလင်မယားနှစ်ဦးရှိလေသည်။ တစ်နေ့သ၌ အမျိုးသမီးဖြစ်သူက သရက်သီးစားချင်လွန်းသဖြင့် ပူဆာရာ စဏ္ဍာလလည်း ဘုရင့်ဥယျာဉ်အတွင်းသို့ ညဘက်တွင်ဝင်ရောက်၍ သရက်သီးခိုးခူးရန် ကြံစည်လေသည်။ ညဘက်မှောင်မည်းနေသည့်အချိန် သရက်သီးရလိုဓောဖြင့် တစ်ပင်ပြီးတစ်ပင်တက်နေမိသဖြင့် အရုဏ်ကျင်းအလင်းရောက်သည်ကိုပင် မသိလိုက်ပေ။ သရက်ပင်ပေါ်မှ ဆင်းလိုက်လျှင် လူမိပြီးအဖမ်းခံရမည်ကိုစိုးရိမ်မိသဖြင့် သရက်ပင်တစ်ပင်ထက်၌ ပုန်းကာညဘက်အချိန်ရောက်မှ ပြန်လည်ထွက်ခွာရန်ကြံလေသည်။

ထိုအချိန်တွင် ဗာရာဏသီမင်းသည် ပုရောဟိတ်ပုဏ္ဏားတစ်ဦးနှင့်အတူ သရက်ပင်အောက်သို့ရောက်လာပြီး ဗာရာဏသီမင်းသည်မြင့်သောအရပ်၌နေ၍ ပုရောဟိတ်ပုဏ္ဏားထံမှ ဗေဒင်ပညာကိုသင်ယူလေသည်။ ထိုအခြင်းအရာကို စဏ္ဍာလမြင်သော် မိမိသည် သရက်သီးကိုလိုချင်သဖြင့် ဘုရင့်ဥယျာဉ်အတွင်းသို့ဝင်ရောက်ကာ သရက်သီးကိုခိုးယူရန် ကြံစည်မိခြင်းသည် လူ့ကျင့်ဝတ်ကိုချိုးဖောက်ခြင်းဖြစ်သည်။ ဘုရင်သည် ငါဘုရင်ဟုဆိုကာ ဗေဒင်ပညာကိုသင်ကြားပေးသည့်ဆရာကို နိမ့်ရာအရပ်တွင်ထား၍ ပညာသင်ကြားနေခြင်းသည် တပည့်ကျင့်ဝတ်ကိုဖောက်ဖျက်ခြင်းဖြစ်သည်။ ပုဏ္ဏားသည်လည်း ဆရာဖြစ်သဖြင့် တပည့်ကိုမြင့်သောအရပ်တွင် နေကာ ပညာသင်ယူစေသဖြင့် ကျင့်ဝတ်တို့ကို သင်ကြားပေးရန် ပျက်ကွက်သည်ဟုတွေးမိကာ မိမိအပြစ်ကိုဝန်ခံရန် သရက်ပင်အောက်သို့ဆင်းလေသည်။

**ကျင့်ဝတ်အလေးထားချမ်းသာသွား**

စဏ္ဍာလသည် မိမိ၏ ကျင့်ဝတ်ဖောက်ဖျက်မှုကို အသိတရားရပြီး သရက်ပင်ပေါ်မှ ဆင်းကာ မိမိကို ထိုက်သင့်သည့် အပြစ်ပေးပါရန် မင်းကြီးထံလျှောက်ထားသကဲ့သို့ မင်းကြီးအနေဖြင့် ပုဏ္ဏားထံမှ ဗေဒင်ပညာသင်ယူလိုပါက နိမ့်ရာအရပ်မှနေ၍ သင်ကြားမှသာတပည့်ကျင့်ဝတ်နှင့်ညီမည်ဟု တရားပြလေသည်။ ထိုအခါ မင်းကြီးလည်း စဏ္ဍာလသည် ဆင်းရဲသော်လည်း ကျင့်ဝတ်တရားကိုလက်ကိုင်ထားပြီး အမှားကိုအမှားမှန်းသိ၍ ဝန်ခံတတ်သူဖြစ်သည်။ မိမိသည် ဘုရင်ဖြစ်သော်လည်း တပည့်ကျင့်ဝတ်တရားတို့ကိုမေ့လျော့ကာ မြင့်ရာအရပ်မှနေ၍ ပညာသင်ကြားမိသည်။ ပုရောဟိတ်ပုဏ္ဏားသည်လည်း ပညာရှိဟုဆိုသော်လည်း ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်တို့ကို ငွေါကိုပြသဆုံးမရန် မေ့လျော့နေသည့်အချိန်တွင် စဏ္ဍာလက သတိပေးသဖြင့် ၎င်းပေါ်တွင်ကျေးဇူးရှိသည်။

ထို့ကြောင့် ပညာအရာတွင်ပြည့်စုံပြီး ကျင့်ဝတ်တရားများကိုသိရှိလိုက်နာသည့်စဏ္ဍာလကို မြှောက်စားလိုသည်ဟုဆိုကာ "အသင်စဏ္ဍာလ အသင်သည် ဘုရင်ဖြစ်သည့် ငါ့ထက်ပင် ကျင့်ဝတ်ကိုလိုက်နာသူဖြစ်သည်။ ထို့အတွက်ကြောင့် နေ့အခါတွင် ငါဘုရင်လုပ်၍ ညဉ့်အခါတွင် အသင်သည် ဘုရင် စည်းစိမ်ကိုရယူစေ"ဟုဆိုကာ စည်းစိမ်တစ်ဝက်ကိုပေးလေသည်။ ဆင်းရဲလွန်း၍ သရက်သီးတစ်လုံးကိုပင် ဝယ်ယူနိုင်ခြင်းမရှိ ခိုးယူစားသောက်ရန် ကြံစည်ရသည့် စဏ္ဍာလသည် လူ့ကျင့်ဝတ်ကိုသိသဖြင့် ဘုရင့်စည်းစိမ်တစ်ဝက်ကိုပင် ရယူနိုင်ခဲ့သည်။ သို့အတွက်ကြောင့် မြတ်စွာဘုရားရှင်က ကျင့်ဝတ်တရားကို လက်ကိုင်ထားသူသည် ဘဝအောင်မြင်မှုကို လျင်မြန်စွာရယူနိုင်သည်ဟု ဟောကြားထားခြင်းဖြစ်သည်။

**သိရှိထားသင့်သည့် ကျင့်ဝတ်များ**

လူငယ်များအနေဖြင့် မိမိတို့ကို လူ့ဘဝသို့ရောက်အောင် ခေါ်ယူပေးခဲ့သည့် မိဘအုပ်ထိန်းသူများကို ကျွေးမွေးပြုစုစောင့်ရှောက်ရန်အတွက် လိုအပ်သည့်ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လူသားတာဝန်ကျေပွန်ရန်လိုသည်။ အသိပညာ၊ အတတ်ပညာတို့ကိုသင်ကြားပေးသည့် ဆရာတို့ကို ပြန်လည်ပေးဆပ်နိုင်ရန် တပည့်ကျင့်ဝတ်ငါးပါးကို သိရှိရမည်။ အသက်အရွယ်ရလာသည့်အခါ ကိုယ်တိုင်မိဘဘဝရောက်ချိန်တွင် မိဘကျင့်ဝတ်များကိုမှန်စွာနားလည်၍ သားသမီးများကို ကောင်းစွာပြုစုပျိုးထောင်ပေးရမည်။ ဆရာဘဝရောက်ခဲ့သည့်အခါတွင်လည်း ဆရာကျင့်ဝတ်များကို ကောင်းစွာထိန်းသိမ်းလိုက်နာရမည်ဖြစ်သည်။

ဘဝအရေးများကို ဖြေရှင်းဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကိုမဖြစ်မနေလုပ်ကိုင်ကြရသည်။ ထိုအခါတွင် အလုပ်ရှင်ဖြစ်သူကဖြစ်၊ အလုပ်သမားဖြစ်သူကဖြစ် ဘဝပေးအခြေအနေပေါ်မူတည်၍ ရပ်တည်ကြသည်။ အလုပ်ရှင်ကျင့်ဝတ်ငါးပါးဖြစ်သည့် "ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ"ကို သိရှိထားရမည့်အပြင် "အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ"ဆိုသည့် အလုပ်သမားကျင့်ဝတ်ငါးပါးကိုလည်း မျိုးဆက်သစ်လူငယ်များ သိရှိထားရမည်ဖြစ်သည်။ အလုပ်ရှင်၊ အလုပ်သမား ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှတ၍တိုးတက်သောစီးပွားရေးဝန်းကျင်ကောင်းကို တည်ဆောက်ကာ မိမိနှင့်မိမိပတ်ဝန်းကျင်အလှကို ပုံဖော်နိုင်ကြမည်ဖြစ်သည်။

**ချမ်းသာကြပါစေ**

ကျင့်ဝတ်များကိုလိုက်နာသူသည် ဘဝအောင်မြင်မှုကိုရယူနိုင်ရုံသာမက လူအများ၏ ချစ်ခင်လေးစားမှုကိုလည်း ခံယူရနိုင်သဖြင့် လူမှုပတ်ဝန်းကျင်တွင် ဝင်ဆံ့နိုင်သူဖြစ်လာမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ငယ်စဉ်အခါ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ကျေးဇူးကိုပြန်လည်ပေးဆပ်နိုင်ရေးအတွက် "သားသမီးကျင့်ဝတ်ငါးပါး"၊ အသိပညာအတတ်ပညာတို့ကို သင်ကြားပေးသည့် ဆရာတို့ကို ကျေးဇူးဆပ်နိုင်ရေးအတွက် "တပည့်ကျင့်ဝတ်ငါးပါး"၊ လူမှုပတ်ဝန်းကျင်တွင် ကောင်းစွာဝင်ဆံ့နိုင်ရေးအတွက် "မိတ်ဆွေကောင်းကျင့်ဝတ်ငါးပါး"စသည့် ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရန်လိုသည်။ ကျင့်ဝတ်များသည် လူသားများကို အမှားများကျူးလွန်ခြင်းမှ ကင်းဝေးစေနိုင်သဖြင့် ကျင့်ဝတ်လိုက်နာခြင်းဖြင့် ပျော်ရွှင်ချမ်းသာသော ဘဝကို မျိုးဆက်သစ်လူငယ်များ ဖန်တီးရယူနိုင်မည် ဖြစ်ပေသည်။

**ကိုးကား**

- သိင်္ဂါလသုတ်၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
- ဆဝဇာတ်၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊
- နေ့စဉ်ထုတ်သတင်းစာများ။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၇၅၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း သြဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၆၇၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၇၉ ဧက နှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၁၀၃ ဧကနှင့် ဖူးစားပြောင်း ၃၆၅၅ ဧက စုစုပေါင်း ၆၇၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောဝမြောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ ကုန်ထုတ်လမ်းမြေနီခင်းနေမှု စစ်ဆေး

**ရေနံချောင်း သြဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ ကုန်ထုတ်လမ်း မြေနီခင်းခြင်းဆောင်ရွက်နေမှုကို သြဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်စန္ဒီကျော်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သဖန်းချောင်းကျေးရွာကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးပြီး ဦးစီးအရာရှိက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချောင်းကျေးရွာ၌ အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ် မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၀ အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း ထံမှ သိရသည်။

နေဝ်လူး

# ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များအရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း သြဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် သြဂုတ်လ ပထမပတ်မှ ယနေ့ထိ ကွမ်းသီးခြောက်များ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်က ထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်ကဝယ်လိုအားကောင်းနေတာပါ။ ဒီဘက်ကနေ ထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ကွမ်းသီးအရောင်းအဝယ်ကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်တွေ လုပ်ငန်းအခွင့်အလမ်း ကောင်းလာပါတယ်။ ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟုညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးလုပ်ငန်းရှင်များက ဒေသထွက်ကွမ်းသီးအစိမ်းများကို ဝယ်ယူပြီး ရောင်းတန်းဝင်သည့်အနေအထားထိ အခြောက်ခံကာ ပြန်လည် ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ ဒေသတွင် ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးအခြောက်များထွက်ရှိပြီး ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းလှမြို့နယ် ကဗွန်းအင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းလှ သြဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောကွင်းကျေးရွာအုပ်စု ကဗွန်းအင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကိုသြဂုတ် ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ကဏ္ဍတစ်ခုချင်းစီအလိုက်ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်းသိရသည်။

အေးမြတ်



# နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**နမ့်စန် သြဂုတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လွယ်ဆိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သြဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက လွယ်ဆိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ လမ်း အရှည် သုံးမိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲဖြုန်းလမ်းခင်းခြင်း လုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အလျား ၂၂ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Slub Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀၃ ဒသမ ၇၆၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သံသာ

# အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့



**ဂျကာတာ ဩဂုတ် ၁၃**

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံပိုင်မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီ (BMKG) ၏ ဩဂုတ် ၁၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါငလျင်သည် ဩဂုတ် ၁၂ရက် ညနေ ၃ နာရီ ၂၄ မိနစ်က လှုပ်ခတ်ခဲ့ကြောင်း၊ ပါပူဝါပြည်နယ်၏အရှေ့တောင်ဘက် ၂၇ ကီလိုမီတာအကွာ၊ အနက် ၁၀ ကီလိုမီတာ၊ တောင်လတ္တီတွဒ် ၂ ဒသမ ၁ ဒီဂရီနှင့်အရှေ့လောင်ဂျီတွဒ် ၁၃၉ ဒီဂရီကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်တိုင်တချို့လည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် ခိုင်ခံ့မှုမရှိသော အဆောက်အအုံတချို့အက်ကွဲသွားခဲ့ရသည့်အတွက် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်ရန်လိုကြောင်း အာဏာပိုင်များက ဒေသခံများကို သတိပေးထားကြောင်း သိရသည်။

လက်ရှိတွင် သေဆုံးသူမရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း၊ အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့လည်းရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ လက်ရှိအချိန်ထိ ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူရာနှင့်ချီ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**မက်ဒရစ် ဩဂုတ် ၁၃**

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ကတ်စတီလာလီယွန်ဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူရာနှင့်ချီဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသအာဏာပိုင်များက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အပူချိန်ပြင်းထန်ပြီး ခြောက်သွေ့သည့်အခြေအနေများကြောင့် တောမီးလောင်ကျွမ်းမှုမှာ ပြင်းထန်နေကြောင်း၊ တောမီးကို မထိန်းချုပ်နိုင်သည့်အတွက် လူနေရပ်ကွက်ကို ကူးစက်လာနိုင်သဖြင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာဒေသမှ ဒေသခံလူရာနှင့်ချီဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

တောမီးသည် ဩဂုတ် ၉ရက် နေ့မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တောမီးသည် Las Medulas၊ Ca-rucedo နှင့် Orellanwere ဒေသအနီးသို့ ကူးစက်လောင်ကျွမ်းလာသဖြင့် အဆိုပါဒေသရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ယနေ့ထိ လောင်ကျွမ်းနေသည့်တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ရေး လူအင်အားသုံးကာ အကြီးစားစက်ယန္တရားများနှင့် နေ့ချင်းညချင်း ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း စပိန်နိုင်ငံတွင် တောမီးကြောင့် သစ်တောဧရိယာ ဟက်တာ ၄၆၀၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဒေသအာဏာပိုင်များထံမှ သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ကနေဒါနိုင်ငံ အရှေ့ဘက်ပိုင်းတောမီးကူးစက်လောင်ကျွမ်းမှု ထိန်းချုပ်ရခက်နေသဖြင့် နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေသတ်မှတ်

**အော့တဝါ ဩဂုတ် ၁၃**

ကနေဒါနိုင်ငံ အရှေ့ဘက်ပိုင်း နယူးဖောင်းလန်း-လာဘရာဒေါစီရင်စုတွင် လောင်ကျွမ်းနေသည့် တောမီးသည်ထိန်းချုပ်ရခက်သည့် အဆင့်ကိုရောက်ရှိနေသဖြင့်ဒေသခံများအတွက်လည်း အသက်အန္တရာယ် ရှိနိုင်သည့်အတွက် တောမီးအန္တရာယ် နိုင်ငံတော်အဆင့်အရေးပေါ် အခြေအနေသတ်မှတ်ကြောင်း Minister of Justice and Public Safety က ထုတ်ပြန်သွားခဲ့သည်ဟု ဩဂုတ် ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။



တောမီးသည် သစ်တောမြေ ဟက်တာ ၅၀၀၀ ကျော်ထိ လောင်ကျွမ်းနေပြီး အခြေခံအဆောက်အအုံများနှင့် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အခြေအနေသို့ ရောက်ရှိနေကြောင်း၊ တောမီး အဓိကကူးစက်လာနိုင်သည့်ဒေသမှာ ဘေဒီဗာဒီကျွန်းဆွယ်ဖြစ်ပြီး ဒေသခံများကိုလည်း လိုအပ်လာပါကဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် ညွှန်ကြားထားကြောင်း Minister of Justice and Public Safety က ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ ဒေသခံတွေကို အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့ အဆင့်ဖြစ်တဲ့အတွက် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ အထူးသဖြင့် တောမီးလောင်ကျွမ်းမှုဟာ ဘေဒီဗာဒီကျွန်းဆွယ်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ပါတယ်။ ဘေဒီဗာဒီ ကျွန်းဆွယ်မှာနေတဲ့ ဒေသခံတွေကိုတော့ လိုအပ်လာရင် ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ နယူးဖောင်းလန်း-လာဘရာဒေါစီရင်စုမှာ လောင်ကျွမ်းနေတဲ့ တောမီးတွေထဲမှာ ဘေဒီဗာဒီကျွန်းဆွယ် တောမီးက အန္တရာယ်အရှိဆုံးလဲဖြစ်ပါတယ်" ဟု Minister of Justice and Public Safety မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အီရတ်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေ

**ဘဂ္ဂဒက် ဩဂုတ် ၁၃**

အီရတ်နိုင်ငံတွင် ဩဂုတ် ၁၁ ရက်က အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း အီရတ်လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ဩဂုတ် ၁၂ ရက် သတင်းများတွင်ဖော်ပြထားသည်။

ဩဂုတ် ၁၁ ရက်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၅၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပြီး ကျန်းမာရေးလုံခြုံမှုကိုပါ ထိခိုက်စေနိုင်သည့်အဆင့်ဖြစ်ကြောင်း၊ အီရတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက အပူလှိုင်းဖြတ်သန်းမှုသည် ရက်သတ္တပတ်ကာလထိကြာမြင့်သွားနိုင်ပြီး အပူချိန်ပမာဏမှာလည်း စံချိန်တင် မြင့်တက်သွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့ သည်။

"အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် Transmis-sionLines နှစ်လုံးကို ယာယီပိတ်ထားပါတယ်။ ဘေဘီလုံနဲ့ ကာဘာလာနယ်မြေတွေမှာ လျှပ်စစ်မီးပေးဝေဖို့ တော်တော်ကိုခက်ခဲနေတဲ့ အခြေအနေဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးကို မီဂါဝပ် ၆၀၀၀ ထိဖြတ်တောက်ထားရပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ပြည်သူတွေလေအေးပေးစက်တွေအသုံးပြုဖို့ လျှပ်စစ်မီးလိုအပ်နေတယ် ဆိုပေမဲ့လဲ အန္တရာယ်ရှိနိုင်လို့ လျှပ်စစ်မီးဖြတ်တောက်ထားရတာ ဖြစ်ပါတယ်"ဟု လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**



# အတ္တလန္တိတ်ပိုင်းဇုန်၏ ပထမဆုံးသော အာရင်ဟာရီကိန်းမုန်တိုင်း ကာဘိုဗာဒီကျွန်းနိုင်ငံသို့ ဦးတည်တိုက်ခတ်လာ

**ဝါရှင်တန် ဩဂုတ် ၁၃**

အတ္တလန္တိတ်ပိုင်းဇုန်၏ ပထမဆုံးသော အာရင်ဟာရီကိန်းမုန်တိုင်းသည် ဩဂုတ် ၁၁ ရက်နေ့မှစတင်၍ အနောက် အာဖရိကနိုင်ငံ ကာဘိုဗာဒီကျွန်းနိုင်ငံသို့ ဦးတည်၍တိုက်ခတ်လာကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာ(NHC)က ထုတ်ပြန်သွားခဲ့သည်ဟု ဩဂုတ် ၁၂ ရက်သတင်းများတွင် ဖော်ပြထားသည်။

အာရင်ဟာရီကိန်း မုန်တိုင်းသည် အတ္တလန္တိတ်ပိုင်းဇုန်၏ အရှေ့ဘက်ပိုင်းမှ စတင်လာခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းသည် ကာဘိုဗာဒီကျွန်းနိုင်ငံ၏ အနောက်မြောက်ဘက်ပိုင်း မိုင် ၂၈၀ အကွာမှ စတင်တိုက်ခတ် လာခဲ့ခြင်းဖြစ်ကြောင်း၊ အာရင်ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ၄၅ မိုင်နှုန်းထိ ရောက်ရှိနေပြီဖြစ်ပြီး အာရင်ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီ ၂၀ မိုင်နှုန်းဖြင့် ရွေ့လျားနေကြောင်း သိရသည်။

"အတ္တလန္တိတ်ပိုင်းဇုန်မှာ ဟာရီကိန်းမုန်တိုင်းရာသီစတင်မှုနဲ့အတူ ကာဘိုဗာဒီကျွန်းနိုင်ငံကို ဦးတည်တိုက်ခတ်နေတဲ့ အာရင်ဟာရီကိန်းမုန်တိုင်းဟာ ကာဘိုဗာဒီကျွန်းနိုင်ငံ အနောက်မြောက်ဘက်ပိုင်းကနေ စတင် တိုက်ခတ်လာခဲ့ခြင်းဖြစ်ပါတယ်။ မိုင်ပေါင်း ၂၈၀ လောက် အကွာကနေ စတင်လာခဲ့ခြင်းဖြစ်ပေမဲ့လဲ ပေါ့ဆလို့မရပါဘူး။ မုန်တိုင်းဟာ တစ်နာရီ ၂၀ မိုင်နှုန်းနဲ့ တိုက်ခတ်နေတဲ့အတွက် မကြာခင် ကာဘိုဗာဒီကျွန်းနိုင်ငံကိုရောက်ရှိလာတော့မှာဖြစ်ပါတယ်"ဟု အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာ (NHC)မှ ပြောရေးဆိုခွင့်ရှိသူ အိုစတာဘက်က သတိပေးပြောကြားခဲ့သည်။

အာရင်ဟာရီကိန်းမုန်တိုင်းသည် အတ္တလန္တိတ်ပိုင်းဇုန်တွင် ဖြစ်ပေါ်သည့် ဟာရီကိန်းမုန်တိုင်းများအနက် ပဉ္စမမြောက် ဟာရီကိန်းမုန်တိုင်းဖြစ်ကြောင်း အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာ(NHC) က ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အာဖဂန်နစ္စတန်တွင်အကြမ်းဖက်အဖွဲ့များ ခိုအောင်းနိုင်မှုအလားအလာ

ဝင်းဇင်(သုတေသန)

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လေ့လာစောင့်ကြည့်ရေးကော်မတီသည် အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့(ISIS)အပြင် အယ်ကိုင်ဒါနှင့်လက်အောက်ခံအဖွဲ့များစပ်လျဉ်း၍ (၃၆) ကြိမ်မြောက် အစီရင်ခံစာကို ယခုနှစ် ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာ၌ အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့(ISIS)၊ အယ်ကိုင်ဒါနှင့် လက်အောက်ခံနီးနွယ်အဖွဲ့ငယ်များထံမှ ခြိမ်းခြောက်မှုများသည်ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း ထောက်ပြဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာသည် အာရှဒေသ၌ တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသနှစ်ခုကို အလေးထားဖော်ပြထားရှိပြီး တောင်အာရှဒေသသည် စိုးရိမ်ပူပန်မှု ပိုမိုမြင့်မားကြောင်း ဖော်ပြထားသည်။ အထူးသဖြင့် အစီရင်ခံစာသည် တောင်အာရှဒေသနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် ပြည်ပအကြမ်းဖက်သမားများထံမှ ခြိမ်းခြောက်မှုများနှင့်စပ်လျဉ်း၍စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း ဖော်ပြထားသည်။

အာဖဂန်နစ္စတန်တွင် လက်ရှိအုပ်ချုပ်နေသော အာဏာပိုင်အဖွဲ့သည် အယ်ကိုင်ဒါနှင့် ၎င်း၏လက်အောက်ခံနီးနွယ်အဖွဲ့များအပါအဝင် အကြမ်းဖက်အုပ်စုများစွာအတွက် အထိန်းအကွပ်လျော့ရဲသည့်ပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းထားရှိသောကြောင့် အလယ်အာရှနှင့်တခြားသော နိုင်ငံများကို ပြင်းထန်သော ခြိမ်းခြောက်မှုဖြစ်ပေါ်နေကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

လေ့လာစောင့်ကြည့်ရေးကော်မတီက တာလီဘန်အဖွဲ့နှင့်အတူ တိုက်ခိုက်ခဲ့သော အာရပ်နွယ်ဖွား တိုက်ခိုက်ရေးသမားများဖြင့် အဓိကဖွဲ့စည်းထားသည့် အာဖဂန်နစ္စတန်ရှိ အယ်ကိုင်ဒါအဖွဲ့၏ အင်အားသည် သိသိသာသာ ကျဆင်းလာလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်းနိုင်ငံများအတွက် ချက်ချင်းခြိမ်းခြောက်မှု ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း ပြောကြားသွားခဲ့သည်။ ၎င်းအစီရင်ခံစာအရ အယ်ကိုင်ဒါအဖွဲ့သည် ဂါဇနီ၊ ဟဲမန်း၊ ကန်ဒါဟာ၊ ကူနာ၊ အူရွဇ်ဂန်နှင့်ဇာဘူလ်ဆိုသည့် အာဖဂန်နစ္စတန်ရှိ ပြည်နယ်ခြောက်ခုတွင်သာ ခိုအောင်းလျက်ရှိကြောင်း၊ သို့သော် အယ်ကိုင်ဒါအဖွဲ့သည် အီရတ်၊ ဆီးရီးယား၊ လစ်ဗျားနှင့် ဥရောပဒေသတို့တွင်လည်း ပြန်လည်ရှင်သန်လျက်ရှိကြောင်း ထုတ်ဖော်ပြသထားသည်။

ထို့ပြင် ၎င်းအစီရင်ခံစာ၌ အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့တို့ပိုင်ဆိုင်ထားသည့်အသေးစားလေ့ကျင့်ရေးကွင်းအသစ်သုံးနေရာကိုလည်း ဖော်ပြထားသည်။ အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) သည် အာဖဂန်နစ္စတန်နိုင်ငံ၌နေကာ ပါကစ္စတန်ဆန့်ကျင်ရေးလုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့ဖြစ်သည်။ ပါကစ္စတန်အစိုးရသည် အာဖဂန်နစ္စတန်ရှိတာလီဘန်အစိုးရအဖွဲ့ကို အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့ကို ဘေးကင်းလုံခြုံသည့်နေရာပေးထားသည်ဟု အကြိမ်ကြိမ်ပြောဆိုလျက်ရှိသည်။ အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့သည် ပါကစ္စတန်ရှိပစ်မှတ်များကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ တာလီဘန်အစိုးရအဖွဲ့သည် အဆိုပါပြောဆိုချက်များကို တစိုက်မတ်မတ် ငြင်းဆိုလျက်ရှိသော်လည်း အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့သည် အာဖဂန်နစ္စတန်ရှိ တာလီဘန်အစိုးရအဖွဲ့ထံမှ အုပ်ချုပ်ထောက်ပံ့မှုနှင့် လုပ်ငန်းလည်ပတ်မှုတို့အတွက် အထောက်အပံ့များ စဉ်ဆက်မပြတ်ရရှိနေကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။

ငြိမ်းချမ်းမှုလေ့လာရေးဆိုင်ရာ ပါကစ္စတန်အင်စတီကျု၏အစီရင်ခံစာအရ ပါကစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် အကြမ်းဖက်တိုက်ခိုက်မှု ၅၂၁ ကြိမ်ကြုံတွေ့ခဲ့ရပြီး ၂၀၂၃ ခုနှစ်ကထက် ၇၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင်ပြည်သူ ၁၀၀၀ ခန့် သေကျေထိခိုက်ခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမခြောက်လတာကာလအတွင်း အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) အဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ၁၃၀၀ ကျော်ပြုလုပ်ခဲ့ကြောင်းနှင့် အဆိုပါ တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၆၀၀ ကျော် သေကျေထိခိုက်ခဲ့သည်။

အယ်ကိုင်ဒါနှင့် ၎င်း၏လက်အောက်ခံအဖွဲ့များ အပြင် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP)အဖွဲ့ခွဲရှိသည့် အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့(ISIS)အဖွဲ့သည်လည်း အာဖဂန်နစ္စတန်တွင် ဆက်လက်ခိုအောင်းပြီး လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့(ISIS) အဖွဲ့သည် နိုင်ငံတကာအသိုက်အဝန်းအပြင် တာလီဘန်အစိုးရအဖွဲ့အတွက်လည်း အဓိကစိုးရိမ်ပူပန်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ် (ISKP) အဖွဲ့သည် တောင်အာရှဒေသရှိ အကြမ်းဖက်အဖွဲ့များအနက် ဒေသတွင်းနှင့် နိုင်ငံတကာကို အပြင်းအထန်ခြိမ်းခြောက်လျက်ရှိကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။

၎င်းအဖွဲ့သည် အလယ်အာရှနိုင်ငံများနှင့် ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသ အပါအဝင် ပြည်ပနိုင်ငံများနှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ လူသစ်များစုဆောင်းလျက်ရှိသည်။ အစီရင်ခံစာအရ ပါကစ္စတန်နှင့်နယ်မြေထိစပ်နေသော နယ်မြေများနှင့် အာဂဖန်နစ္စတန်မြောက်ပိုင်းဒေသရှိနယ်မြေများတွင် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP) သည် ကလေးသူငယ်များကို ဘာသာရေးဝါဒမှိုင်းတိုက်လျက်ရှိသည်။

အာဖဂန်နစ္စတန်ရှိ ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ် (ISKP) များ၏ အဓိကပစ်မှတ်များသည် တာလီဘန်အာဏာပိုင်များ၊ ရှီယာအသိုက်အဝန်းများနှင့် နိုင်ငံခြားသားများဖြစ်သည်။ခန့်မှန်းအင်အား ၂၀၀၀ ခန့်ရှိသည့် ၎င်းအကြမ်းဖက်သမားများသည် အာဖဂန်နစ္စတန်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် အဓိကခိုအောင်းလှုပ်ရှားလျက်ရှိပြီး ခေါင်းဆောင်ပိုင်းသည် အများအားဖြင့် Pashruns မျိုးနွယ်စုဖြစ်ကာ လက်ရှိအချိန်တွင် အများစုသည် အလယ်အာရှဇာစ်မြစ်များဖြစ်ကြကြောင်း၊ ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ် (ISKP) ခြိမ်းခြောက်မှုအဆင့်သည်ဒေသတွင်းသာမက နိုင်ငံတကာသို့လည်း ပျံ့နှံ့လာနေကြောင်းကို နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှုများက ညွှန်ပြနေကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

တာလီဘန်အစိုးရအဖွဲ့၏ အကြမ်းဖက်မှုအမြစ်ပြတ်ချေမှုန်းရေးကြိုးပမ်းမှုများကြောင့် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ် (ISKP) အဖွဲ့၏ စွမ်းဆောင်ရည်များ တဖြည်းဖြည်းမှေးမှိန်လာသည်ကို ကုလသမဂ္ဂအစီရင်ခံစာ၌ အသိအမှတ်ပြုဖော်ပြထားသည်။

**❖အကြမ်းဖက်အုပ်စုများ၏ စွမ်းဆောင်ရည်များ တဖြည်းဖြည်းကျဆင်းလာလျက်ရှိသော်လည်း ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ် (ISKP)၊ အယ်ကိုင်ဒါနှင့် တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) ကဲ့သို့သော လက်ခွဲအုပ်စုများသည် တာလီဘန်ထိန်းချုပ်ထားသည့် အာဖဂန်နစ္စတန်တွင် ခိုအောင်းလှုပ်ရှားနေသည်မှာ ငြင်းဆန်၍မရသော အချက်ပင်ဖြစ်သည်။ ကုလသမဂ္ဂ၏ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာ၌လည်း အာဖဂန်နစ္စတန်တွင် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP)၊ အယ်ကိုင်ဒါနှင့်တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) ကဲ့သို့သော လက်ခွဲအကြမ်းဖက်အဖွဲ့များရှိနေကြောင်း ဖော်ပြထားသည်။ ❖**

အင်အားအရသာ လျော့နည်းကျဆင်းလာသော်လည်း ခိုရာဆန် ပြည်နယ် အစ္စလာမ္မစ် (ISKP) သည် တာလီဘန်အစိုးရအဖွဲ့အပေါ် မကျေနပ်ချက်များကို အသုံးချကာ ဆက်လက်ခိုအောင်းလျက်ရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

တာလီဘန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်သည် ကုလသမဂ္ဂအစီရင်ခံစာကို ဝါဒဖြန့်မှုအဖြစ် နာမည်တပ်ကာပယ်ချလျက်ရှိသည်။ အစ္စလာမ္မစ်စော်ဘွားများ (တာလီဘန်အဖွဲ့) အာဏာရရှိကတည်းက အာဖဂန်နစ္စတန်တွင် ဆိုးသွမ်းအဖွဲ့နှင့် တရားမဝင်အဖွဲ့အစည်းများကို ခွင့်ပြုထားခြင်းမရှိသလို အနာဂတ်တွင်လည်း ၎င်းအဖွဲ့များရှိလာမည်မဟုတ်ကြောင်း၊ ပြည်ပအုပ်စုများကို အာဖဂန်နစ္စတန်တွင် ခိုအောင်းလှုပ်ရှားခွင့်ပြုထားခြင်းမရှိသလို လက်ရှိအချိန်တွင်လည်း ၎င်းအဖွဲ့များမရှိကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများက လုပ်ဆောင်သော စွပ်စွဲပြောဆိုမှုများသည် ဝါဒဖြန့်မှုများဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ၎င်းပြောဆိုချက်များကိုပယ်ချကြောင်း၊ ၎င်းအချက်အလက်များသည် မမှန်ကန်သည့်အပြင် လက်တွေ့အခြေအနေနှင့်ကင်းကွာလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

မူဂျာဟစ်၏ ကန့်ကွက်ပြောဆိုမှုများအပြင် တာလီဘန်ကြည်းတပ်စစ်ဦးစီးချုပ် ကွာရီဖာစီဟွတ်ဒင်ဖစ်ရတ်ကလည်းအာဖဂန်နစ္စတန်တွင် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP)များ တည်ရှိမှုနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအစီရင်ခံစာပါအကြောင်းအရာများသည်အခြေအမြစ်မရှိကြောင်း၊ အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့(ISIS) သို့မဟုတ် ပြည်ပအကြမ်းဖက်အဖွဲ့များ အာဖဂန်နစ္စတန်တွင် ခိုအောင်းနေသည်ဆိုသော ပြောဆိုချက်များသည် အစ္စလာမ္မစ်စော်ဘွားများ၏ အာဖဂန်နစ္စတန်နိုင်ငံ (တာလီဘန်အစိုးရအဖွဲ့)ကို ရှုတ်ချသည့် ဝါဒဖြန့်လှုပ်ရှားမှုမျှသာဖြစ်ကြောင်း၊ မြေပြင်ရှိပကတိအခြေအနေမှန်များကလိုရာဆွဲ၍ မမှန်မကန်ပြောဆိုရန် ရည်ရွယ်ထားခြင်းသာဖြစ်ကြောင်း အခိုင်အမာပြောဆိုသွားခဲ့သည်။

ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP) အဖွဲ့နှင့်စပ်လျဉ်း၍ ဖစ်ရတ်က မိမိတို့နိုင်ငံပြင်ပ၌ စတင်ဖွဲ့စည်းခဲ့သော အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (ISIS) အဖွဲ့သည် စိတ်ဓာတ်စစ်ဆင်ရေးနှင့်ဝါဒဖြန့်စစ်ပွဲ၏ လက်သုံးကိရိယာမျှသာဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ သို့သော် မူဂျာဟစ်နှင့်ဖစ်ရတ်တို့နှစ်ဦးစလုံးသည် အာဖဂန်နစ္စတန်တွင် အယ်ကိုင်ဒါနှင့် ၎င်း၏လက်အောက်ခံအဖွဲ့များ ခိုအောင်းနေမှုနှင့် စပ်လျဉ်း၍ အမြင်သဘောထားတစ်စုံတစ်ရာမျှပေးခဲ့ခြင်းမရှိပေ။ အယ်ကိုင်ဒါအဖွဲ့သည် တာလီဘန်အဖွဲ့ကို ၎င်း၏ပစ်မှတ်များအနက်မှ တစ်ခုအဖြစ်သဘောထားသည့် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ် (ISKP) အဖွဲ့နှင့်မတူညီသည့်အချက်မှာ အစဉ်အလာအားဖြင့် တာလီဘန်အဖွဲ့နှင့်နီးကပ်သော ဆက်ဆံရေးရှိနေသောကြောင့် လက်ရှိအစိုးရသည် တာလီဘန်အဖွဲ့ကိုအရေးယူရန် အခက်အခဲကြုံနေရသည်။

အာဖဂန်နစ္စတန် အမျိုးသားတော်လှန်ရေးတပ်ဦး (NRF) ဆိုင်ရာ ထိပ်တန်းသံတမန်တစ်ဦးဖြစ်သည့် အလီမာအီဆမ်နာဇာရီအဆိုအရ အယ်ကိုင်ဒါအဖွဲ့သည် ၂၀၂၄ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်စခန်းအသစ်ကိုးခု ထူထောင်ခဲ့ကြောင်း၊ အဆိုပါစခန်းများသည် လေ့ကျင့်ရေးစင်တာများနှင့် လူသစ်စုဆောင်းမှုစင်တာများဖြစ်ကြောင်း၊ တာလီဘန်အစိုးရသည် အယ်ကိုင်ဒါအဖွဲ့ကို ပန်ဂျ်ရှီယာ (Panjshir) တောင်ကြော၏ ဗဟိုချက်မနေရာ၌ပင် အခြေစိုက်စခန်းများနှင့်ခဲယမ်းတိုက်များ ဆောက်လုပ်ရန် ခွင့်ပြုထားကြောင်း သိရှိရသည်။

အကြမ်းဖက်အုပ်စုများ၏ စွမ်းဆောင်ရည်များ တဖြည်းဖြည်း ကျဆင်းလာလျက်ရှိသော်လည်း ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP)၊ အယ်ကိုင်ဒါနှင့်တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) ကဲ့သို့သော လက်ခွဲအုပ်စုများသည် တာလီဘန်ထိန်းချုပ်ထားသည့် အာဖဂန်နစ္စတန်တွင် ခိုအောင်းလှုပ်ရှားနေသည်မှာ ငြင်းဆန်၍မရသော အချက်ပင်ဖြစ်သည်။ ကုလသမဂ္ဂ၏နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာ၌လည်း အာဖဂန်နစ္စတန်တွင် ခိုရာဆန်ပြည်နယ် အစ္စလာမ္မစ်(ISKP)၊ အယ်ကိုင်ဒါနှင့်တီဟိခ်အီးတာလီဘန်ပါကစ္စတန် (TTP) ကဲ့သို့သော လက်ခွဲအကြမ်းဖက်အဖွဲ့များရှိနေကြောင်း ဖော်ပြထားသည်။

အမှန်တော့ အဆိုပါ အကြမ်းဖက်အုပ်စုများသည် ဒေသတွင်းလုံခြုံရေးအပြင် အာဖဂန်နစ္စတန်၏ လုံခြုံရေးကိုလည်း ပြင်းထန်သော ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ အာဖဂန်နစ္စတန်ကို အုပ်ချုပ်နေသည့် တာလီဘန်အဖွဲ့အနေဖြင့် မြေပြင်တွင်ဖြစ်ပေါ်နေသည့် ပကတိအခြေအနေမှန်ကိုအသိအမှတ်ပြုလက်ခံပြီး အဆိုပါအကြမ်းဖက်အဖွဲ့များကို အရေးယူဆောင်ရွက်မှုများ မြန်မြန်ဆန်ဆန်လုပ်ဆောင်သွားမှသာလျှင် အာဖဂန်နစ္စတန်နှင့် ဒေသတွင်းလုံခြုံရေးတို့အတွက် ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**– Is the Taliban's Afghanistan a Safe Haven for Terrorist Organizations?By The Diplomat.**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၆၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၆၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် စပါး ၂၆၁၁၆ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၆၇ ကေ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်မှာ စပါးကေ ၂၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိကေ ၄၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီး ပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင် ကပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ဩဂုတ်လ ပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက မြန်အောင်မြို့နယ် ဒေသထွက်ကုန်တစ်ခုပါ။ အခု အရောင်းအဝယ်ကောင်းနေတဲ့ခဝဲသီးတွေက အရည်အသွေးလဲ ကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သန့်ရှင်းလက်ဆတ်ပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန်ခဝဲသီးတွေ ဝယ်ယူတာများလာတော့ စိုက်တဲ့တောင်သူတွေ အခွင့်အလမ်းပိုမို အဆင်ပြေလာပါတယ်"ဟုမြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် လက်ရှိခဝဲသီးများအပါအဝင် ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့်များစွာ အကျိုးကျေးဇူးရှိကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**













## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၈၇ (ခ) လမ်း၊ ၁၅ လမ်းနှင့် ၁၆ လမ်းကြားနေ ကျွန်တော် နေဝင်းလှိုင်သည် အောက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုး

၁။ Mr. Cool

အထက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့် စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဦးနေဝင်းလှိုင်
09-444023708

## အမွေစား၊ အမွေခံသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်(၂၈၇)၊ ဦးပိုင်အမှတ် (၁)နေ ဦးကျော်စိန်ဝင်းနှင့် ဒေါ်တင်ဌေးကြည်တို့၏ သမီး မကေမီကျော် (ခ) မခင်မဒီကျော်သည် မိဘနှင့် ညီအစ်ကိုမောင်နှမများအား ခွင့်မလွှတ်နိုင်သည့်ပြဿနာများဖန်တီးလုပ်ဆောင်ပြီး နေအိမ်မှထွက်ခွာသွားသည့်အတွက် အမွေစား၊ အမွေခံသမီးအဖြစ်မှ လုံးဝစွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။ သား (၂)ဦးကိုသာ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ စောင့်ရှောက် တာဝန်ယူတော့မည်ဖြစ်ပါသည်။

ဦးကျော်စိန်ဝင်း၊ ဒေါ်တင်ဌေးကြည်
YEU 069733(၉/မနတ(နိုင်)၀၂၁၉၃၇၊ ၁၄/ညတန(နိုင်)၀၀၆၇၅၇)

## ကျောင်းသူ အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အလက(၂၂)၊ Grade-8 တွင် ပညာသင်ကြားနေသော ဦးမျိုးသူရအောင်(၉/မနမ(နိုင်)၁၀၇၆၁၇)၏သမီးဖြစ်သူ မမြတ်ဆုငြိမ်း၏ကျောင်းသူအမည်မှန်မှာ မမြတ်စုငြိမ်း ဖြစ်ပါကြောင်း။

မမြတ်စုငြိမ်း

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးဟိန်း ထက်ဇော်၏သမီး မသျှင်လရောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မရှင်လရောင်ဖြစ်ပါ ကြောင်း။

မရှင်လရောင်

## အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အမက(၆)ကျောင်း၊ Grade-4 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးလှိုင်မင်းထွန်း၏သမီး မခိုင်ဇာစိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မကျော့ကျော့ဟန် ဖြစ်ပါကြောင်း။

မကျော့ကျော့ဟန်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade(3)တွင် ပညာသင်ကြားနေသော မသဇင်ဖူး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်သန်းဖြစ်ပါကြောင်း။

ဦးအောင်သန်း(၉/ပသက(နိုင်)၀၉၄၃၈၀)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade(5)(A)တွင် ပညာသင်ကြားနေသော မောင်ဟိန်းဝဏ္ဏကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ကျော်စိုး ဖြစ်ပါကြောင်း။

ဦးကျော်ကျော်စိုး(၉/ခမစ(နိုင်)၀၁၄၀၈၈)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ယဉ်ပျံရပ်နေ ဦးမျိုးမြင့်လေး၏သား မောင်ရန်နိုင်လင်း (ခ) မောင်သူရမျိုးဟန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ရန်နိုင်လင်း (ခ) မောင်သူရမျိုးဟန်**

၉/ခအဇ(နိုင်)၀၇၄၁၃၉

❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ် ပြောင်းလဲမှု မြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...
❖ သတင်းတုသတင်းမှားများတိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံခြားဩဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ








ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံခရိုင် အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ တရားမဝင်မီးသွေး ၃၈ ဒသမ ၇၀၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၉ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၃၈၃ တန်၊ အခြားသစ် ၉ ဒသမ ၇၁၄ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၃၀၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်၊ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နောက် ၂၄ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

